ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်

မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် တနင်္ဂနွေနေ့။ Sunday, 1 November 2026 ၁၂၄၉



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်နီရင်ပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရိ၊ ဦးတင်အောင်စန်းနှင့် ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်နီရင်ပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ် အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
စာမျက်နှာ » ၂

"မူပိုင်ခွင့်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ" ကျင်းပ
စာမျက်နှာ » ၅

မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆွေးနွေး
စာမျက်နှာ » ၈



အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

မုန်တိုင်းငယ်အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်း စာမျက်နှာ ၄ ကော်လံ ၁ သို့ ■

ရန်ကုန်တိုင်းဒေသကြီး၌ ပေါ်ဆန်းစပါး ၈က ၂၇၀၀၀ ကျော် စိုက်ပျိုးထား



ရန်ကုန် အောက်တိုဘာ ၃၁

ကမ္ဘာ့ အကောင်းဆုံးဆန်ဟု သတ်မှတ်ခြင်း ခံထားရသည့် မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းစပါးကို ရန်ကုန်တိုင်းဒေသကြီး အတွင်း မိုးစပါးရာသီ၌ ၂၇၁၄၄ က စိုက်ပျိုးထားကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖

ရေကြည်မြို့နယ်၌ ပြည်တွင်းထုတ်ဒီဇယ်ဆီများကို တောင်သူများထံအရောက်ပို့ ရောင်းချပေး

ရေကြည် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရေကြည်မြို့နယ်အတွင်း ရေလွှမ်း၍ ပျက်စီးသွားသောကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေများတွင် မိုးစပါး ပြန်လည်စိုက်ပျိုးသည့် တောင်သူများအား ပြည်တွင်းထုတ် သံပုရာကန်ဒီဇယ်ဆီများကို မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင်မှ တောင်သူများထံ အရောက်ပို့ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ဒီဇယ်ဆီများ ရောင်းချပေးမှု အခြေအနေများကို ကျေးပျော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများထံ အရောက်ပို့ရောင်းချပေး နေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဧလဇေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃၁

အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပို့မိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ထပ်မံဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်ခြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး အခြားကျွန်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ငါးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နှစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

ည အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်တမြို့နှင့် ဧလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်အထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဧလ

၃၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၃၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	- ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့၊
စာတည်းမှူး	- အေဝမ်းစိုး		
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လူ့အဖွဲ့အစည်း၏ကောင်းကျိုးများ သတင်းအချက်အလက်မှန်များခွဲခြား

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်ခဲ့သည်။ အဆိုပါလှုပ်ရှားဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ "တို့တစ်တွေအားလုံး ပါဝင်ကြပါစို့၊ ပြည်သူများအတွက် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု" ဖြစ်သည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့နှင့် နိုဝင်ဘာလ ပထမဝက်အတွင်း အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်ခြင်း၏ အဓိကရည်ရွယ်ချက်သည် ကမ္ဘာတစ်ဝန်းရှိပြည်သူများ အားလုံးမီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှု ရရှိစေရေးအတွက် ဆောင်ရွက်ခဲ့သည့် တိုးတက်အောင်မြင်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုရန်၊ အမျိုးသားအဆင့် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် အသိပညာပေးလှုပ်ရှားမှုများကို ပို့မိုကျယ်ပြန့်လာစေရန် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအား စည်းရုံးလှုံ့ဆော်ရန်အတွက်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူအားလုံး မီဒီယာနှင့်သတင်းအချက်အလက်များကို မှန်ကန်စွာနားလည်သိရှိအသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောင်မြင်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုသည့် ရက်သတ္တပတ်ကာလအဖြစ် လှုပ်ရှားဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါလှုပ်ရှားဆောင်ရွက်မှုများကို မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ အဓိကအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့်ပြည်သူများကြားတွင် ကျယ်ပြန့်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြောင်းမှာ ပြည်သူများသည် သတင်းစားသုံးသူများဖြစ်သလို သတင်းမီဒီယာများသည် သတင်းဖြန့်ဝေကြသူများဖြစ်ကြသည်။ မှန်ကန်သောသတင်းအချက်များ၊ အကျိုးရှိသောသတင်းများကို မျှဝေပေးနိုင်မှသာ သတင်းစားသုံးမှုကောင်းမွန်ပြီး လူမှုအသိုက်အဝန်းများအားလုံး အေးချမ်းသာယာဝပြောမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် သတင်းမီဒီယာအချက်အလက်များကို အချိန်အခါမရွေး၊ နေရာဒေသမရွေး အချိန်နှင့်တစ်ပြေးညီရရှိင်သည့် အိုင်တီနည်းပညာနှင့် မိုတိုင်းဖုန်းသုံးစွဲမှုများ မြင့်မားတိုးတက်လာမှုနှင့်အတူ Media Literacy ဟုခေါ်သည့် သတင်းအချက်အလက် သိနားလည်မှုမြှင့်တင်ပေးရန် လိုအပ်ချက်များ မြင့်မားလာသည်။

လူမှုကွန်ရက်များပေါ်တွင် သတင်းအချက်အလက်မျိုးစုံတို့သည် အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်လာသဖြင့် သတင်းစီးဆင်းမှုနှုန်းစားသုံးမှုမြန်ဆန်လာသည်။ သတင်းအချက်အလက်များကို သတင်းမီဒီယာသမားများသာမက လူတိုင်းလူတိုင်း ဖြန့်ဝေနိုင်သည့် အခွင့်အရေးများရှိလာသည်။ လူမှုကွန်ရက်သုံးစွဲသူတိုင်းသည် သတင်းစားသုံးသူများဖြစ်သလို သတင်းဖြန့်ဝေသူများလည်းဖြစ်နိုင်သည်။ ထိုအခါ အချိန်နှင့်အမျှ အပြန်အလှန်စီးဆင်းနေသည့် သတင်းအချက်အလက်များတွင် အစစ်အမှန်သတင်းများရှိသလို သတင်းတု၊ သတင်းမှား၊ သတင်းအတုအယောင်များလည်း ရောနှောပါဝင်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း သတင်းအချက်အလက်သိနားလည်မှု စံနှုန်းများမြင့်လာရန် လိုအပ်လာသည်။

လျင်မြန်စွာ ပြောင်းလဲနေသည့် ဒီဂျစ်တယ်အခင်းအကျင်းနှင့် လိုက်လျောညီထွေ ဖြစ်စေရန်၊ အများပြည်သူအကျိုးစီးပွားဆိုင်ရာ အချက်အလက်များကို လူမှုကွန်ရက်တွင် ခွဲခြားသတ်မှတ်ရန်၊ အကဲဖြတ်ရန်နှင့် သုံးစွဲသူများအား စွမ်းဆောင်ရည်မြှင့်တင်ရန် ယခုနှစ် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်ကာလအတွင်း အထူးပြုဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အဆိုပါလှုပ်ရှားမှုကာလအတွင်း ပြည်သူများအနက် လက်ရှိတာဝန်ထမ်းဆောင်နေသော မီဒီယာများ၊ ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ၏ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုစွမ်းရည် ပို့မိုမြင့်မားလာစေရန်ရည်ရွယ်၍ အသိပညာပေးဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လူငယ်လူရွယ်များနှင့် ပြည်သူများကြားသို့ သတင်းအချက်အလက်များအပေါ်တွင် အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်ဝေဖန်နိုင်စွမ်း မြင့်မားလာမည်။ အထူးသဖြင့် နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးမှုနှင့် စိန်ခေါ်မှု၊ အေအိုင်နှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းများ၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာများပေါ်မှ အကျိုးနှင့်အပြစ်များကို ခွဲခြားဝေဖန်သုံးသပ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုတွင် အားလုံးတက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် မြန်မာနိုင်ငံအနေဖြင့် အထူးလိုအပ်လျက်ရှိသည်။ အတုနှင့် အစစ်ခွဲခြားရခြင်းမရှိသော်လည်း ယနေ့ခေတ်ကာလတွင် အသိပညာ၊ ဗဟုသုတနှင့်စိစစ်ဝေဖန်နိုင်စွမ်း မြင့်မားနေမှသာ အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိပြီး ငြိမ်းချမ်းသာယာဝပြောသည့် လောကကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

❖ ရှေ့ဖုံးမှ

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါ လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။


ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မြို့တော်သို့ ဝင်ရောက်သည့်လမ်းကြောင်းတစ်ခု ဖြစ်လာမည်ဖြစ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်ထောင်စုဂုဏ်ပြုဗိမာန် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

သဖြင့် လမ်းတံတားများ တည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အဆင့်မီမီတည်ဆောက်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းတံတားများအား အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာနိုင်မည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ် အသုံးပြုသွားလာမှုများအပေါ် မူတည်ထည့်သွင်း တွက်ချက်၍လည်း တည်ဆောက်သွားရန်လိုကြောင်း၊ ဝင်လမ်း၊ ထွက်လမ်းများနှင့် ပတ်သက်၍လည်း ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ တည်ဆောက်သွားရန်လိုကြောင်း၊ တံတားများနှင့် လမ်းများ ကြုံခိုင်မှုရှိစေရေး၊ လမ်းပခုံးမြေသားနံရံများ စနစ်တကျ ဖြစ်စေရေးအတွက်လည်း ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲယာ တစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြစ်မိမ်းသစ်ပင်များ စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရာဇသင်္ဘာ လမ်းကြောင်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာ တစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့ရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များ၊ ရင်ပြင်ပတ်လည် နေရာများ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စက္ကူကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ ယာဉ်ရပ်နားရန် နေရာများနှင့် အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရေး ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်ခံ့မှုရှိစေရေး၊ အဆင့်မီမီဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုပ်တုများနှင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်ရာတွင် မြန်မာမှုနှင့် ပန်းချီ၊ ပန်းပုပညာရှင်ကြီးများထံမှ အကြံဉာဏ်များရယူ၍ စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု ဂုဏ်ပြုဗိမာန် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြည်ထောင်စု ဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စု ဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စု နိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ပိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စု ဖွားတိုင်းရင်းသားများကို ဂုဏ်ပြု နိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်း ဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီ ဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အပါအဝင် ပြည်ပနိုင်ငံများမှ လာရောက် ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျလာရောက် ဂုဏ်ပြုနိုင်ရေး အတွက်လည်း လျာထား ဆောက်လုပ်သွားရန် လိုကြောင်း၊ ပန်းစည်းချ ဂုဏ်ပြုမည့် နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန် လိုကြောင်း၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြစ်မိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ကလောမြို့၊ တိုက်ကြီးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၃၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက် မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ နန်းတိုင်း ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် ၂၃ ပါးနှင့် ဒေသခံ တိုင်းရင်းသားပြည်သူ ၃၅၇ ဦး တို့အား လည်းကောင်း၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြာအင်းကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူ ၁၁၆ ဦး တို့အား လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ဥပုသ်တော် ရပ်ကွက်ရှိ စန္ဒရုံသီ သီလရှင် စာသင်တိုက်၌ အခြေပြု၍ အဆိုပါ ရပ်ကွက်ရှိ သာသနာ့နွယ်ဝင် သီလရှင် ၈၂ ပါးနှင့် ဒေသခံပြည်သူ ၁၅ ဦး တို့အား လည်းကောင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့သို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ Ultra Sound စက်တို့ဖြင့် ရောဂါရှာဖွေ စစ်ဆေးပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်း စသည့် ရောဂါရှာဖွေ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လေးမျက်နှာမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေး



လေးမျက်နှာ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် လေးမျက်နှာပြည်သူ့ဆေးရုံတွင် ဒေသခံပြည်သူများအား ဟယ်ံတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းကုသမှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းကုသမှုတွင် အမျိုးသမီးများအတွက် သားအိမ်ခေါင်း၊ ကင်ဆာ ကြိတ်ကာကွယ်ရေးစစ်ဆေးပေးခြင်းများ၊ အထွေထွေရောဂါ လူနာများ၊ ခွဲစိတ်လူနာများ၊ သားဖွားမီးယပ်များ၊ အရိုးနှင့်ထိခိုက်ဒဏ်ရာ လူနာများ၊ မျက်စိလူနာ၊ သွားနှင့်ခံတွင်းလူနာ၊ အရေပြားဆိုင်ရာလူနာ၊ ကလေးလူနာ၊ နား၊ နာခေါင်း၊ လည်ချောင်းလူနာ၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးလူနာ၊ စိတ်ကျန်းမာရေးလူနာ စုစုပေါင်း ဒေသခံပြည်သူ ၆၀၀ ကျော်တို့အား လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❁ ရန်ကုန်တိုင်းဒေသကြီးမှ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်ရှစ်ခုရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင် ပေါ်ဆန်းမွေး၊ ရေဆင်း(၁)၊ ရေဆင်း(၂)၊ ရွှေနှံ့သာပေါ်ဆန်းနှင့် ပေါ်ဆန်ရင် မျိုးစပါးငါးမျိုးကို အဓိကထား စိုက်ပျိုးသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ ပေါ်ဆန်းမိုးစပါး ငါးမျိုး စိုက်ပျိုးထားပြီး ဒီနှစ် စိုက်ဧက တိုးလာပါတယ်။ မြန်မာ့ပေါ်ဆန်းအရည်အသွေး ကမ္ဘာမှာ ထိုးဖောက်နိုင်တာဟာ ဂုဏ်ယူစရာပါ။ မြန်မာ့တောင်သူတွေရဲ့ စိုက်ပျိုးရေးစွမ်းရည် ကမ္ဘာ့ကို ချပြခွင့်ရရှိတာဟာ ဝမ်းသာစရာပါ။ စိုက်ပျိုးရေးဦးစီးဌာနက လမ်းညွှန်မှာကြားချက်အပေါ် တောင်သူတွေ လိုက်နာတဲ့အတွက် ရလဒ်တွေကောင်းမွန်ပြီး အရည်အသွေးမြင့်မြင့် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့တယ်လို့ ပြောရမှာပါ။ မြန်မာ့ပေါ်ဆန်းမွေး ကမ္ဘာ့ကို ထိုးဖောက်နိုင်မှုဟာ စိုက်ပျိုးတောင်သူတွေအတွက် အခွင့် အလမ်းကောင်းများစွာ စောင့်ကြိုနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်နွယ်အေးက ပြောသည်။

လျာထားချက်ထက်ကျော်လွန် စိုက်ပျိုး

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄,၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားချက်ထက်ကျော်၍ ၁၁၄,၅၂၂ ဧက စိုက်ပျိုးခဲ့ရာ အောက်တိုဘာလကုန်ပိုင်းတွင် မိုးစပါးစိုက်ပျိုးမှု ကွင်းပိတ်မည်ဖြစ်ရာ ရေကျနောက်စိုက်အဖြစ် စိုက်ပျိုးရန်ကျန်ရှိသည့် ပေါ်ဆန်းအပါအဝင် မိုးစပါးများကို ယခုလနောက်ဆုံးပတ်အထိ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

ယမန်နှစ် မိုးစပါးရာသီ၌ ပေါ်ဆန်းတစ်ဧကလျှင် ပျမ်းမျှ ၇၂ ဒသမ ၁၁ တင်း ထွက်ရှိခဲ့ပြီး ယခုနှစ် မိုးစပါးရာသီ၌ တစ်ဧကလျှင် ၇၂ ဒသမ ၂၅ တင်းထွက်ရှိနိုင်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ခန့်မှန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည့် International World Rice Conference 2026 ၏ ဆန်အရည်အသွေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ "ပေါ်ဆန်းမွေးဆန်"သည် "၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဆန်"(The World's Best Rice Award 2026)ဆုကို ရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် ပေါ်ဆန်းမွေးဆန်သည် နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘာ့အဆင့်မီအရည်အသွေးကို ထုတ်ဖော်ပြသခဲ့သည်။ ဆက်လက်၍ မြန်မာ့ပေါ်ဆန်းစပါး အရည်အသွေးနှင့် ထွက်နှုန်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ၌ မြန်မာ့ဆန်စပါး တစ်ခေတ်ဆန်းသစ်လာမည့် အရိပ်အရောင်များ ယှက်သန်းလျက်ရှိသည်။

မြန်မာ့ပေါ်ဆန်းကို ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းမွေး၊ ပေါ်ဆန်းဘေးကြား၊ ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်၊ မြောင်းမြေပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) အမည်များဖြင့် ပြည်တွင်း၌ လူသိများကြပြီး မြန်မာ့အကောင်းဆုံးဆန်အဖြစ် စားသုံးလျက်ရှိကြောင်း သိရသည်။

ဥသာ

ဓာတ်ပုံ - ကိုကိုလွင်

■ အားကောင်းသောမှ

ရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုက်ဂျန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ - အရှေ့တောင်ဘက် ရေမိုင် ၆၁၅ မိုင်ခန့်နှင့် မာဆျီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝေးရောင်အဆင့်ဟု သတ်မှတ်ပါသည်။

မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်


မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင် မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း

၃၁-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



နှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ် နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

"မူပိုင်ခွင့်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ" ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ စတုတ္ထနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ်(၂၀၂၆) ၏ မဟာဗျူဟာလုပ်ငန်း နယ်ပယ်(၄)၊ မဟာဗျူဟာအစီအစဉ် (၄.၂)ရှိ ဥပဒေရေးရာ သုတေသန စွမ်းရည်များ တိုးတက်စေရန် ရည်ရွယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (Research Paper Presentation on Intellectual Property Rights) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ် (In person/ Virtual) ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးတက်ရောက် အမှာစကားပြောကြားသည်။

သုတေသနစာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်စေးစေး ဝါးဖိုးက "Strengthening Online Platform Responsibility for Trademark Protection in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တရားရုံးမှ တွဲဖက်မြို့နယ် တရားသူကြီး ဒေါက်တာဇင်သူဝင်းက "Trademark Dilution in the Digital Age" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဦးမျိုးသိန်းဦးက "Author's Right Protection in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ဒုတိယမြို့နယ် တရားသူကြီး ဒေါ်ကောင်းမြတ်နေခြည်ထူးက "Legal Protection of Moral Rights under Copyright Law in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း သုတေသနစာတမ်းများ ဖတ်ကြားကြသည်။



စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားရေးအရာရှိများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားရုံးများ၊ ခရိုင်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၄၀၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၃၄၅ ဦး၊ စုစုပေါင်း တရားသူကြီးနှင့် တရားရေးအရာရှိ ၄၈၅ ဦး တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၃၁

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖလမ်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးနှင့် မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ရုံးအဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ တောင်ဇလပ်ရိပ်သာပြုပြင်နေမှုကိုယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတာဝန်ခံများနှင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဖလမ်းမြို့တွင်း အများပြည်သူ အပန်းဖြေနေရာနှင့် အားကစားပြုလုပ်သည့်နေရာများ ဖြစ်သည့် ဖာရံထောက်ရပ်ကွက်ရှိ ဟရန်ထီးယိုး ဘောလုံးကွင်းတွင် ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန်၊ ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ရှိ View Point နေရာတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရန်နှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရန် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ဒေသခံများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့၏ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် View Point လမ်းတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လမ်းမဘေးသစ်ပင်များ အလင်းဖွင့်ရှင်းလင်းနေမှု၊ View Point သွားရာလမ်းတစ်လျှောက်နှင့် View Point အား အများပြည်သူ အပန်းဖြေနိုင်ရန် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဖာရံထောက်ရပ်ကွက်ဟရန်ထီးယိုး ဘောလုံးကွင်းအား JCBစက်ကြီးဖြင့် မြေနေရာပြုပြင်နေမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ လမ်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပေါင် အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဇင်းကျိုက်-တပ်မှူးချောင်-ဘိုင်လောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်ကုန်များ လွယ်လင့်တကူရောင်းဝယ်နိုင်ခြင်းဖြင့် လူမှုစီးပွားရေးဘဝ တိုးတက်လာနိုင်စေရေးအတွက် ဇင်းကျိုက်- တပ်မှူးချောင်- ဘိုင်လောင်းလမ်းအား ဇွန် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)



သရက်မြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



သရက် အောက်တိုဘာ ၃၁

သရက်မြို့နယ်တွင် မကွေးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးများတွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်စမ်းသပ်ဆောင်ရွက်မည့် M-TRACES စနစ်နှင့် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှုးက M-TRACES စနစ်နှင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ လုပ်ငန်းရှင် ၁၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များက အယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန် Leader of Textile ကုမ္ပဏီအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းများကို အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။

ကိုအောင်



Smart City ထက် တစ်ဆင့်မြင့်လာသော Intelligent City

ဝေဖြိုးအောင်

(ယမန်နေ့မှအဆက်)

ပထမဆုံးအနေဖြင့် ကမ္ဘာ့အကောင်းဆုံး Intelligent City အဖြစ် ရပ်တည်နေသည့် လန်ဒန်မြို့သည် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရာတွင် AI နည်းပညာကို ထိရောက်စွာ အသုံးပြုထားသည်။ ပြည်သူလူထုအတွက် ဝန်ဆောင်မှုများတွင် AI ကို အထိုင်ချကာ Data-driven စနစ်များကို တွင်ကျယ်စွာ အသုံးပြုလျက် ရှိသည်။ Ultra Low Emission Zone (ULEZ) ကဲ့သို့သော စီမံကိန်းများကို ကင်မရာပေါင်းများစွာနှင့် AI ပေါင်းစပ်ကာ တိကျစွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။

ဒုတိယအဆင့်ရှိ ဒုဘိုင်းမြို့သည် AI အသုံးချမှုနှင့် ပြည်သူ့ဝန်ဆောင်မှု အသုံးပြုမှုတွင် အလွန်ထူးချွန်သည်။ အစိုးရဝန်ဆောင်မှုအားလုံးကို AI ဖြင့် ချိတ်ဆက်ကာ စက္ကူမဲ့အုပ်ချုပ်ရေးယန္တရားများကို အောင်မြင်စွာ အကောင်အထည်ဖော်ထားပြီး ပြည်သူများ၏ ကျေနပ်မှုနှုန်း အလွန်မြင့်မားသည်။ မြို့ပြလုံခြုံရေးအတွက် ရဲတပ်ဖွဲ့တွင် Smart Police Stations (SPS) များကို တည်ဆောက်ထားပြီး လူအကူအညီမပါဘဲ ၂၄ နာရီ AI ဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည်။

နယူးယောက်မြို့တွင် အမှိုက်သိမ်းစနစ်၊ ရေပေးဝေမှုစနစ်နှင့် ပြည်သူ့လုံခြုံရေးအတွက် AI ကင်မရာများနှင့် ဆင်ဆာများကို နေရာအနှံ့အသုံးပြုကာ အလိုအလျောက် တုံ့ပြန်ဖြေရှင်းပေးနိုင်သော စနစ်များ တပ်ဆင်ထားသည်။ စမတ်ရေမီတာများက မြို့၏ရေလေလွင့်မှုကို သိသိသာသာ လျော့ချပေးနိုင်ခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေးစနစ်များကိုလည်း Data-driven ဖြင့် ပိုမိုမြန်ဆန်အောင် လုပ်ဆောင်ထားသည်။

အမေရိကန်၏မြို့တော် ဝါရှင်တန်ဒီစီတွင် လမ်းမီးတိုင်များကို စမတ်နည်းပညာဖြင့် ထိန်းချုပ်ကာ စွမ်းအင်ချွေတာခြင်းအပြင် မြို့ပြလူနေမှုအချက်အလက်များကို လေ့လာသုံးသပ်ပြီး ပြည်သူ့ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ပေးလျက် ရှိသည်။ လူစည်ကားသော အချိန်များကိုတွက်ချက်ကာ ရဲတပ်ဖွဲ့နှင့် အရေးပေါ် ဌာနများကို လိုအပ်သလို နေရာချထားပေးနိုင်သည်။

ဥရောပမှ အမ်စတာဒမ်မြို့သည် စွမ်းအင်စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားပြီး IoT မှတစ်ဆင့် မြို့ပြစီမံကိန်းများကို အချိုးကျ ပေါင်းစပ်ထားသော စံပြ Intelligent City တစ်ခုအဖြစ် ထင်ရှားသည်။ စက်ဘီးစီးနင်းသူများအတွက် အထူးဒီဇိုင်းရေးဆွဲထားသော Smart Traffic စနစ်များသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချပေးရုံသာမက မြို့သူမြို့သားများ၏ ကျန်းမာရေးကိုပါ များစွာအထောက်အကူပြုလျက်ရှိသည်။

မြို့ပြစီမံခန့်ခွဲရေးနှင့် Intelligent City ၏ အခန်းကဏ္ဍ

မြို့ပြစီမံခန့်ခွဲရေးသည် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်။ Intelligent City အယူအဆကို အသုံးပြုခြင်းအားဖြင့် အဆိုပါစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို များစွာအဆင့်မြှင့်တင်နိုင်သည်။ အမှိုက်စီမံခန့်ခွဲမှုတွင် AI ကို အသုံးပြု၍ အမှိုက်သိမ်းကား များ၏ ခရီးစဉ်များကို နေ့စဉ်လိုအပ်ချက်နှင့်အညီ အလိုအလျောက် ပြောင်းလဲရေးဆွဲပေးနိုင်သည်။ ဆင်ဆာတပ်ဆင်ထားသော Smart Bins များမှ ပေးပို့သည့် အချက်အလက်များအရ အမှိုက်ပြည့်နေသော နေရာများကိုသာ ရွေးချယ်သိမ်းဆည်းစေခြင်းဖြင့် လောင်စာဆီကုန်ကျစရိတ်နှင့် လုပ်အားခကို သိသိသာသာလျော့ချပေးနိုင်သည်။ မြေစာရင်းနှင့် မြေယာစီမံခန့်ခွဲမှုတွင်လည်း ဂြိုဟ်တုပုံရိပ်များနှင့် GIS Data များကို AI ဖြင့် ခွဲခြမ်းစိတ်ဖြာကာ ကျူးကျော်ဆောက်လုပ်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး စနစ်တကျထိန်းချုပ်နိုင်သည်။

စွမ်းအင်စီမံခန့်ခွဲမှုအပိုင်းတွင် Smart Grid များသည် မြို့၏ လျှပ်စစ်သုံးစွဲမှုပုံစံများကို Machine Learning ဖြင့် လေ့လာသည်။ နေ့ခင်းဘက်ရုံးချိန်အတွင်း မည်သည့်နီးပွားရေးဇုန်များတွင် လျှပ်စစ်အား ပို၍လိုသည်၊ ညဘက်တွင် မည်သည့်လူနေရပ်ကွက်များ၌ သုံးစွဲမှုများပြားသည်ကို တိကျစွာ တွက်ချက်ကာ အလိုအလျောက်ဖြန့်ဝေပေးခြင်းဖြင့် စွမ်းအင်လေလွင့်မှုကို အနည်းဆုံးဖြစ်အောင် ထိန်းချုပ်သည်။ ထို့ပြင် အစိုးရရုံးများ၊ ဈေးများနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများ၏ လျှပ်စစ်သုံးစွဲမှုကိုလည်း AI ဖြင့် စောင့်ကြည့်ထိန်းချုပ်ခြင်းဖြင့် ဘဏ္ဍာငွေ လေလွင့်မှုများကိုကာကွယ်နိုင်သည်။

အုပ်ချုပ်ရေးယန္တရားများအတွင်း Intelligent City ၏ အခြားသော အကျိုးကျေးဇူးတစ်ခုမှာ ဘဏ္ဍာရေးနှင့် အခွန်ကောက်ခံမှုကဏ္ဍဖြစ်သည်။ အိမ်ရာခွန်၊ ရေခွန်၊ မိလ္လာခွန်နှုန်း လိုင်စင်ကြေးများကို Data Center များမှတစ်ဆင့် တိကျစွာ တွက်ချက်ကောက်ခံနိုင်ခြင်း၊ ပေးဆောင်ရန် ပျက်ကွက်နေသူများကို AI မှ အလိုအလျောက် စိစစ်ဖော်ထုတ်ပေးနိုင်ခြင်းတို့ကြောင့် စည်ပင်သာယာရေး ဘဏ္ဍာငွေ



အမ်စတာဒမ်မြို့၌ IoT မှတစ်ဆင့် မြို့ပြစီမံကိန်းများ အချိုးကျပေါင်းစပ်ထားသည့် စံပြ Intelligent City တစ်ခုအဖြစ် ဖော်ပြနေမှုမြင်ကွင်း။

ရရှိမှုကို တိုးတက်စေသည်။ ဤရရှိလာသော ဘဏ္ဍာငွေများကို မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သဖြင့် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြစည်ပင်သာယာရေး ပူးပေါင်းမှု

မြို့ပြစီမံခန့်ခွဲမှုတွင် အရေးပါဆုံးသော ကဏ္ဍတစ်ခုမှာ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။ Intelligent City စနစ်တွင် ဤပူးပေါင်းဆောင်ရွက်မှုကို AI နှင့် Data Analytics တို့ဖြင့် အဆင့်သစ်တစ်ခုသို့ မြှင့်တင်နိုင်သည်။ ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ရေဆိုးထုတ်စနစ်များတွင် ဆင်ဆာများ တပ်ဆင်ကာ မိလ္လာရေကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် မြို့အတွင်း မည်သည့်ရပ်ကွက်များတွင် ကူးစက်ရောဂါပိုး (ဥပမာ - ကိုဗစ်၊ ကာလဝမ်းရောဂါ) ပျံ့နှံ့နေသည်ကို လူနာများ ဆေးရုံသို့မရောက်မီ ရက်အတန်ကြာက ပင် ကြိုတင်ခန့်မှန်းသိရှိနိုင်စွမ်းရှိသည်။ ထိုအချက် အလက်များကိုအခြေခံ၍ သက်ဆိုင်ရာဌာနများက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်နိုင်သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးအသိပညာပေး လုပ်ငန်းများတွင်လည်း AI-driven Social Media စောင့်ကြည့်မှုများကို အသုံးပြုနိုင်သည်။ လူမှုကွန်ရက်ပေါ်တွင် ပြည်သူများ ဆွေးနွေးနေသော ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာကာ မည်သည့်သတင်းအမှားများ ပျံ့နှံ့နေသည်ကို ရှာဖွေဖော်ထုတ်ပြီး အစိုးရနှင့် စည်ပင်သာယာရေးကော်မတီများက မှန်ကန်သော အသိပညာပေး သတင်းစကားများကို ထိရောက်စွာ တုံ့ပြန်ဖြန့်ဝေပေးနိုင်သည်။ မြို့ပြ၏ လေထုအရည်အသွေး၊ သောက်သုံးရေသန့်ရှင်းမှု အစရှိသော အချက်အလက်များကိုလည်း Central Dashboard မှတစ်ဆင့် စောင့်ကြည့်ကာ ကျန်းမာရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် တိုက်ရိုက်အသုံးပြုနိုင်မည် ဖြစ်သည်။

Intelligent City တည်ဆောက်ရန် လိုအပ်သော အခြေခံအဆောက်အအုံများ

မြို့တစ်မြို့ကို Intelligent City ဖြစ်လာစေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ နည်းပညာနှင့် စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ရုံဖြင့် မအောင်မြင်နိုင်ပါ။ ထိုစနစ်များ ချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် ခိုင်မာတောင့်တင်းသော ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ အထူး လိုအပ်ပါသည်။ ပထမဆုံးအနေဖြင့် မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်ဖြစ်သည့် 5G နည်းပညာ လိုအပ်သည်။ 5G ၏ အလွန်မြန်ဆန်သော ဆက်သွယ်မှု အမြန်နှုန်းနှင့် ကြန့်ကြာမှုမရှိခြင်းတို့ ရှိမှသာ IoT ဆင်ဆာများမှ အချက်အလက်များကို Data Center သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရန် အသက်သွေးကြောဖြစ်သည်။

ဒုတိယအချက်မှာ Data Center များနှင့် Edge Computing နည်းပညာများဖြစ်သည်။ အချက်အလက်ပေါင်းမြောက်မြားစွာကို သိမ်းဆည်းရန်နှင့် လုံခြုံစွာထိန်းသိမ်းရန် အဆင့်မြင့် Data Center များ လိုအပ်သကဲ့သို့ အရေးပေါ်ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် ဆင်ဆာများနှင့် အနီးဆုံး နေရာတွင် တွက်ချက်မှုများ ပြုလုပ်ပေးနိုင်သည့် Edge Computing စနစ်များလည်း မရှိမဖြစ်လိုအပ်ပါသည်။ Edge AI နည်းပညာသည် ယာဉ်ကြော ထိန်းချုပ်ရေးနှင့် လုံခြုံရေးကင်မရာများအတွက် အထူးအသုံးဝင်ပြီး ကွန်ရက်ပြတ်တောက်သွားသည့် တိုင်အောင် ဆက်လက်အလုပ်လုပ်နိုင်စွမ်း ရှိစေသည်။

တတိယအချက်မှာ ယုံကြည်စိတ်ချရသော လျှပ်စစ်မီးရရှိရေးဖြစ်သည်။ နည်းပညာပစ္စည်းများ အားလုံးသည် လျှပ်စစ်စွမ်းအင်အပေါ် မှီခိုနေရသဖြင့် မီးပျက်ခြင်းများရှိပါက Intelligent City စနစ်တစ်ခုလုံး ရပ်တန့်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလာစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် များကို ပေါင်းစပ်အသုံးပြုကာ လျှပ်စစ်မီး အဆက်မပြတ်ရရှိရေးကို တည်ဆောက်ထားရမည်။ ထို့ပြင် စနစ်တစ်ခုလုံးကို ထိန်းသိမ်းပြုပြင်နိုင်မည့် ကျွမ်းကျင်လူသားအရင်းအမြစ်များဖြစ်သည့် Data Scientists များ၊ Urban Planners များနှင့် အင်ဂျင်နီယာများကို စဉ်ဆက်မပြတ်လေ့ကျင့် မွေးထုတ်ပေးရန်မှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်သည်။

စိန်ခေါ်မှုများနှင့် ဆိုက်ဘာလုံခြုံရေးအရေးပါမှု

Intelligent City တည်ဆောက်ရာတွင် ကြီးမားသော စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ရမည်ဖြစ်သည်။ ပထမဆုံးနှင့် အရေးကြီးဆုံးစိန်ခေါ်မှုမှာ ဆိုက်ဘာလုံခြုံရေးပင်ဖြစ်သည်။ မြို့ပြ၏ အသက်သွေးကြောများဖြစ်သော မီးပေးဝေမှု၊ ရေပေးဝေမှု၊ ယာဉ်ကြောထိန်းချုပ်ရေးနှင့် ကျန်းမာရေးစနစ်များအားလုံးသည် ကွန်ရက်တစ်ခုတည်းတွင် ချိတ်ဆက်ထားသောကြောင့် ဟက်ကာများ၏ တိုက်ခိုက်မှုကိုခံရပါက မြို့တစ်မြို့လုံး အကျပ်အတည်း ဆိုက်ကာ ရပ်တန့်သွားနိုင်သည်။ ထို့ကြောင့် အဆင့်မြင့် ကုတ်ဂုက်နည်းပညာများနှင့် Zero-Trust Architecture ကဲ့သို့သော ဆိုက်ဘာလုံခြုံရေး မဟာဗျူဟာများကို မဖြစ်မနေထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ ပြည်သူလူထု၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် လုံခြုံမှုဖြစ်သည်။ ကင်မရာများ၊ ဆင်ဆာများနှင့် ဒီဂျစ်တယ် ဝန်ဆောင်မှုများမှတစ်ဆင့် ပြည်သူများ၏ နေ့စဉ်သွားလာလှုပ်ရှားမှု၊ စားသောက်နေထိုင်မှု အချက်အလက်များကို အဖိုးရက သိမ်းဆည်းရယူရာတွင် တရားဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရန် အလွန်အရေးကြီးသည်။ AI စနစ်များက ဆုံးဖြတ်ချက်များချရာတွင် လူမျိုးရေး၊ ဆင်းရဲချမ်းသာရေး ခွဲခြားမှုမရှိစေရန် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများကို တိကျစွာပြဋ္ဌာန်းထားရန် လိုအပ်ပါသည်။

ထို့ပြင် 'Digital Divide' ဟုခေါ်သော နည်းပညာအလှမ်းကွာဟမှု ပြဿနာကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ Intelligent City ၏ ဝန်ဆောင်မှုများသည် စမတ်ဖုန်းနှင့် အင်တာနက် သုံးစွဲနိုင်သူများအတွက်သာ အကျိုးရှိပြီး အခြေခံ လူတန်းစားများအတွက် ဖယ်ကြဉ်ခံရမှုမဖြစ်စေရန် ဂရုပြုရမည်။ ပြည်သူလူထုပါဝင်မှုမရှိပါက မည်သည့် စမတ်စီးတီးစီမံကိန်းမျှ ရေရှည်မအောင်မြင်နိုင်ပါ။ ထို့ကြောင့် နည်းပညာပြောင်းလဲမှုများနှင့်အတူ ပြည်သူလူထုကို ပညာပေးခြင်းနှင့် ယုံကြည်မှု တည်ဆောက်ခြင်းလုပ်ငန်းစဉ်များကို အစိုးရနှင့် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆောင်ရွက်သွား ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းအရ မြို့ပြစီမံခန့်ခွဲမှုသည် လူအင်အားသက်သက်ဖြင့် မလုံလောက်တော့ဘဲ Data နှင့် AI ၏ အကူအညီကို မဖြစ်မနေရယူရမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် Smart City ၏ 'သိရှိနိုင်စွမ်း' မှသည် Intelligent City ၏ 'ကြိုတင်ခန့်မှန်း ဆုံးဖြတ်နိုင်စွမ်း' သို့ တက်လှမ်းနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်၊ ခိုင်မာသောမူဝါဒများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကိုအခြေခံကာ စနစ်တကျ မျှော်မှန်းပြင်ဆင်ကြရမည်ဖြစ်ပါသည်။ ။

ကိုးကားစာရင်း

၁။ Boston Consulting Group (2026). Intelligent Cities Index & Global Smart Urbanization.

၂။ Aetina Corporation (2024). Intelligent vs Smart Cities: The Edge AI Progress.

၃။ Smart City Governments (2023). Dubai's Paperless Strategy & London AI Traffic control.

၄။ Scribd (PDF). AI's Role in Smart City Development & Public Health Integration.

၅။ Topos Magazine (2025). Data-driven urban planning in Amsterdam & Washington DC.

နိုင်ငံတော်၏သယံဇာတများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ တရားမဝင်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး မှာကြား

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံဝန်ထမ်းများဖြစ်သည့်အတွက် ပေးအပ်သောတာဝန်များကို အဂတိကင်းရှင်းစွာ ရိုးရိုးသားသား၊ ကြိုးကြိုးစားစား၊ စေတနာထား၍ ထမ်းဆောင်ကြရန်နှင့် မိမိတို့၏ဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏သယံဇာတများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ တရားမဝင်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်ရန် ယမန်နေ့က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပဲခူးမြို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



တွေ့ဆုံပွဲအပြီးတွင် ဘုရားကလေးရွာအမှတ်(၃၃) သစ်စက်ကိုလည်းကောင်း၊ ပဲခူးမြို့လုပ်ငန်းတို့တွင် သစ်အချောထည်များ အဆင့်ဆင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖြစ်သော Asia Modern Crafts Co., Ltd. နှင့် ဦးဝင်းနိုင် မြန်မာ့ပန်းပုထုတ်လုပ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၌ ပြခန်းများပြသထားမှုနှင့် ကျောက်မျက်ရတနာအရောင်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မိမိတိုင်းပြည်၏ အဖိုးတန်ရတနာများ စုစည်းပြသထားရှိမှုကြောင့် မိမိနိုင်ငံ၏ဂုဏ်ဒြပ်ကို ဖော်ပြနေသဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ရှေးယခင်ကတည်းက လက်ရာကောင်းမွန်သည့် ပညာရှင်များရှိခဲ့ပြီးဖြစ်သဖြင့် ပညာရှင်များ ဆက်လက်ပေါ်ထွန်းနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

ဘားအံ အောက်တိုဘာ ၃၁

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များမှ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးမှာကြား

ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်လွင်က အစည်းအဝေးတက်ရောက်လာကြသူများနှင့်တွေ့ဆုံ၍ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သတ်မှတ်ရည်မှန်းချက်များပြည့်မီစေရေးတို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းလမ်းညွှန်မှုများကို ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်ရှိ ရပ်ကွက်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

တပ်ကုန်း အောက်တိုဘာ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းသည် ဥတ္တရရခိုင်အုပ်ချုပ်ရေးမှူး ဦးဖြတ်ကိုထွေးလိုက်ပါ၍ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက ဒေသဆိုင်ရာ အချက်အလက်များတင်ပြပြီး နေပြည်တော်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကာ တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေကျပ် ၁၀ သိန်း ထည့်ဝင်လှူဒါန်းခဲ့ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် နေပြည်တော်ရန်ပုံငွေဖြင့် လှာထားဆောင်ရွက်သည့် ဘုရင့်နောင်ရပ်ကွက် အနောက်ရထားလမ်း အဆင့်မြှင့်တင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏



ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုရင့်နောင်ရပ်ကွက် အောင်မာဃလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အောင်ဇေယျရပ်ကွက် အောင်သီဟလမ်း ကျောက်စီရေခြောင်းဆောင်ရွက်နေမှုနှင့် မြဝတီရပ်ကွက် တိုးချဲ့(ဃ)လမ်းတွင် Box Culvert ၁၁ စင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

မိုးညှိမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မိုးညှို အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး မိုးညှိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် အပူရှောင်နေရာများနှင့် ရေရရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရှိပြီး အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မိုးညှိမြို့ မြို့မရပ်ကွက်ရှိ စျေးရောင်းပွဲတော်အတွင်း စျေးရောင်းစျေးဝယ်ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား အပူဒဏ်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ဝမ်ပန်ကျေးရွာ၌ ရူပါအယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

ကွန်ဟိန်း အောက်တိုဘာ ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ထိခိုက်ပျက်စီးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် တို့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကွန်ဟိန်းမြို့နယ်ဝမ်ပန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ကျင်းပသည်။



ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဈေးပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် ဒေသခံတောင်သူများ အနေဖြင့် သီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် ထိခိုက်ဆုံးရှုံးမှု ကင်းဝေးစေရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ၊ သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်းနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို ရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဝမ်ပန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)



မကွေးတိုင်းဒေသကြီး သရက်မြို့ပေါ်ရှိ KTV ကာရာအိုကေနှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာစည်းကမ်းချက်များ လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို အောက်တိုဘာ ၃၁ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။ ကိုဒွန်

မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ယနေ့တွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan နှင့်လည်းကောင်း၊ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Maxim Reshetnikov နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။



ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ ထားဝယ်ဒေသ စီမံကိန်းများသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်စည် ကူးသန်းရောင်းဝယ်ခွင့်ရန်အတွက် အချက်အချာကျ သည့်နေရာတစ်ခုဖြစ်လာမည့်အခြေအနေ၊ သုံးနိုင်ငံ စလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်၍ အမြန်ဆုံး အကောင်အထည်ဖော် ပြီးမြောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စွမ်းအင်လိုအပ်ချက်သည် မြင့်တက် လျက်ရှိရာ နှစ်နိုင်ငံပူးပေါင်း၍ဖြေရှင်းနိုင်ရန် ကြိုးစား နေမှုအခြေအနေ၊ LNG သည် ကျစ်လျစ်သိပ်သည်းစွာ သယ်ဆောင်နိုင်ပြီး သန့်ရှင်းသည့်စွမ်းအင်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ ယနေ့စွမ်းအင်အသွင် ကူးပြောင်းရေးကာလတွင် အထူးအရေးပါသည့် စွမ်းအင်ဖြစ်နေသည့်အတွက် LNG ကုန်သွယ်မှုများ မြင့်တက်လာနေသည့်အခြေအနေ၊ ရုရှားနိုင်ငံမှ LNG ကို မြန်မာနိုင်ငံသို့သယ်ဆောင်ပြီး ထိုင်းနိုင်ငံက မျှဝေ သုံးစွဲနိုင်ခြင်းဖြင့် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ စွမ်းအင် အခက်အခဲကို ဖြေရှင်းနိုင်မည့်အခြေအနေ၊ ထားဝယ် ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့လည်း ကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့လည်းကောင်း သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းပြီးဖြစ်ရာ ယင်း အခြေခံကောင်းများကို အသုံးချ၍ ထားဝယ်ဒေသ တွင် LNG Terminal တည်ဆောက်နိုင်သည့် အခြေ အနေ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား LNG အပါအဝင် လောင်စာဆီတင်ပို့နိုင်ရေးအတွက် MoU ရေးထိုးပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ သည်မကြာမီအချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU ရေးထိုးနိုင် တော့မည်ဖြစ်ရာ သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင် ကုန်သွယ်မှုများ စတင်နိုင်ရန် အချိန်အခါကောင်း ဖြစ်သည့်အခြေအနေ၊ မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ ပူးပေါင်း၍ ထားဝယ်ဒေသတွင် ရင်းနှီးမြှုပ်နှံ၍ ဆက်လက်ဆောင်ရွက်သွားကြမည့် စီမံကိန်းလုပ်ငန်း စဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၃၁

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံ ရေငြေ့၏ နိမ့်မြင့်အမှတ် ၃၁၅ ပေ မှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၃၁ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံ ပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်း များရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ် သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများ နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုရှု လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀



ပြင်ဦးလွင်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသား ကန်တော်ကြီးဥယျာဉ်ရှိနွံတောအတွင်းစီးဝင်သော ရေဝင်ပေါက်များ၊ ရေထွက်ပေါက်များနှင့် ရေစိမ့်တောနေရာများအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် တာဝန်ရှိ သူများက နယ်မြေကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ သမဝါယမအသင်းစုအမှုဆောင်သစ် ရွေးချယ်တင်မြှောက်

ညောင်ဦး အောက်တိုဘာ ၃၁

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမ အသင်းစု၏ ၂၀၂၃ - ၂၀၂၆ ဘဏ္ဍာ နှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့ အမှတ် (၃)ရပ်ကွက် မြို့မကွက်သစ်ရပ်ရှိ အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ သဘာပတိ ဦးဌေးနှင့် မန္တလေး တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းတို့က အမှာ စကားပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးဝေက သမဝါယမ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းစဉ်များ၊ မြို့နယ် သမဝါယမအသင်းစု အမှုဆောင် ဒါရိုက်တာတို့က ဘဏ္ဍာရေး ရှင်းတမ်း၊ အမှုဆောင်အဖွဲ့လုပ်ငန်း အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ် များကို ရှင်းလင်းဖတ်ကြား သည်။ ဆက်လက်၍ ၁/၂၀၂၆ ညွှန်ကြားချက်နှင့်အညီ အမှုဆောင် အသစ်များရွေးချယ်ပြီး လုပ်ငန်း တာဝန်များ ခွဲဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ်အခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနား Global Media Information Literacy ကို ယနေ့ မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်မြို့နယ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီဥက္ကဋ္ဌဒေါက်တာ တင်ထွန်းဦးက မုဒိတာစကား ပြောကြားပြီး မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယ ဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင် ဆက်လက်၍ အခမ်းအနား တို့က ကမ္ဘာလုံးဆိုင်ရာမီဒီယာ နှင့် သတင်းအချက်အလက် သိနားလည်မှုနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြသည်။

သို့ တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို

အောင်မြင့်(ပြန်/ဆက်)

✪ MFF ယူ - ၁၉ မှ

Gold Dream အသင်းက ရွှေပြည်သာယူနိုက်တက် အသင်းကို လေးဂိုး - ဂိုးမရှိ၊ YRG အသင်းက ULAD အသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိ သည်။

ပွဲစဉ် ၁၆ အဖြီးတွင် Pacific Sun Far အသင်း နှင့် MIU အသင်းက ၄၃ မှတ်စီ၊ YRG အသင်းက ရမှတ် ၄၀၊ YCDC Dream Team အသင်းက ၃၂ မှတ်၊ Gold Dream အသင်းက ရမှတ် ၃၀၊ ULAD အသင်း က ၂၇ မှတ်၊ JV အသင်းက ရမှတ် ၂၀၊ United City အသင်းနှင့် Royal Noka အသင်းက ၁၈ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရုစ်မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

သတင်း - ရွှိုင်းထက်ဇော်

ဓာတ်ပုံ - MFF

ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်ရှိ စက်ရုံများမှ တာဝန်ရှိသူများ၊ အလုပ်သမားများနှင့်တွေ့ဆုံ လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက်ကွင်းဆင်းဆေးကုသပေးနေမှု ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်ရှိ Shwe Thandar International Co.,ltd. စားသောက်ကုန်စက်ရုံနှင့် Hitachi Soe Electric & Machinery Co.,ltd. လျှပ်စစ်ပစ္စည်းစက်ရုံများရှိ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီဝင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီနှင့် အလုပ်သမားများအား ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်တွေ့ဆုံ သည်။



တွေ့ဆုံပွဲသည် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ရန် လိုအပ်မှု၊ တည်ဆဲအလုပ်သမားရေးရာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်မှု၊ လူမှုဖူလုံရေးအဖွဲ့မှ အကျိုးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့် ဆိုင်ရာ ဆောင်ရွက်ပေးနေမှု၊ လုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်သွားမည့် အခြေအနေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါစက်ရုံများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေ့လျားဆေးကုသယာဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့က စက်ရုံအရောက် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

အဆိုပါကွင်းဆင်းဆေးကုသမှုကို အလုပ်သမား ဆေးရုံကြီးများမှ အထွေထွေရောဂါ အထူးကုဆရာဝန်များ၊ သားဖွားမီးယပ်၊ အရိုး၊ မျက်စိနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်များပါဝင်သော ဆေးကုသရေးအဖွဲ့က စက်ရုံနှစ်ရုံမှ အာမခံအလုပ်သမား ၄၅၀ တို့အား ဆေးကုသမှုဝန်ဆောင်မှုများ၊ ECG ဖြင့် နှလုံးစစ်ဆေးမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ ဆေးဝါးများနှင့် မျက်မှန်များကို ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် မြို့နယ်ပေါင်း ၁၃၆ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၃၇ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရွှေ့လျားဆေးကုသယာဉ်လေးစီးဖြင့် ခရီးစဉ်များ ရေးဆွဲ၍ စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်လျက်ရှိရာ ဧပြီလမှ စက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီးရှိ အာမခံအလုပ်သမား ၃၂၈၉၉ ဦး၊ မန္တလေးတိုင်းဒေသကြီးရှိ အာမခံအလုပ်သမား ၁၆၁၄၀၊ နေပြည်တော်ကောင်စီနယ်မြေရှိ အာမခံအလုပ်သမား ၁၁၆၀၃ ဦး၊ ပဲခူးတိုင်းဒေသကြီးရှိ အာမခံအလုပ်သမား၁၀၇၈၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အာမခံအလုပ်သမား ၁၆၇၉ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အာမခံအလုပ်သမား ၁၁၀၉၃ ဦးတို့အား စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြဝတီခရိုင်ကိုယ်စားပြု ဒုံးအဖွဲ့ ဒုံးမြေချပွဲနှင့် ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ

မြဝတီ အောက်တိုဘာ ၃၁

(၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြဝတီခရိုင်ကိုယ်စားပြု ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် ဒုံးမြေချပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက ကရင်ပြည်နယ် မြဝတီမြို့ ကရင်အမျိုးသားထာဝရနှစ်သစ်ကူးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြဝတီမြို့ ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း အမြဝတီမံနာယက တောင်ကလေးအေးရိပ်သာကျောင်းဆရာတော် အရှင်အဂ္ဂဝံသက ဩဝါဒကထာမြွက်ကြားသည်။

ဆက်လက်၍ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က ငွေများချီးမြှင့်ပေးအပ်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအောင်သိန်းမြင့်က လက်ခံရယူခဲ့ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မဈေးခွံ အောက်တိုဘာ ၃၁ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သန္ဓေဦးသတ်တပ်ဖွဲ့ဝင်များက ဦးဘေးကာကွယ်ရေးလက်တွေ့ဦးငြိမ်းသတ်သရုပ်ပြသစဉ်။ မျိုးလှိုင် (တွံတေး)

မရမ်းကုန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းကျင်းပသော ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယခု ၉ နာရီခွဲက ကျိုက်ဝိုင်းဘုရား ရင်ပြင်ရှိ အောင်ဓမ္မာရုံ၌ ကျင်းပသည်။



ပြည်သူ့စကားဝိုင်းတွင် မရမ်းကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးသိန်းထွန်းအောင်က Moderator အဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်က ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(ဝ)က ကျန်းမာရေးကဏ္ဍ၊ မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌက သတင်းမီဒီယာကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲရင့်သိန်းထွန်း

ရမည်းသင်းမြို့၌ ရွှေမြင်တင်- အင်တိုင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရမည်းသင်း အောက်တိုဘာ ၃၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေမြင်တင်-အင်တိုင်းလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်က ယမန်နေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရာတွင် အဆင်ပြေစေရန် အတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရွှေမြင်တင်-အင်တိုင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရွှေမြင်တင်-အင်တိုင်းလမ်း ကျောက်ချောလမ်းမှာ အရှည် (၁/၀)



မိုင်ရှိပြီး အဆိုပါ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

အေးခိုင်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ "ထွန်းထွန်း" ငွေထည်၊ ကြေးထည်ပစ္စည်းအမျိုးမျိုးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မုံရွာ အောက်တိုဘာ ၃၁

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် "ထွန်းထွန်း" ငွေထည်၊ ကြေးထည် လုပ်ငန်း၌ ငွေထည်၊ ကြေးထည် ပစ္စည်းအမျိုးမျိုး ထုတ်လုပ် ဆောင်ရွက်နေမှုကို ယနေ့နံနက် ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုအားပေး သည်။



ဆောင်ရွက်ပေး

ဆက်လက်၍ ငွေထည်၊ ကြေးထည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငွေထည်၊ ကြေးထည် ပစ္စည်းများကို အရည်အသွေး ကောင်းမွန်ပြီး လက်ရာဆန်းသစ် စွာ ပြည်ပစျေးကွက်သို့ တင်ပို့ ရောင်းချနိုင်ရေး၊ ကုန်ကြမ်းပစ္စည်း များရရှိရေးနှင့် ကုန်ချော ပစ္စည်း များ ရောင်းချနိုင်ရေး မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေ ဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း၊ လုပ်ငန်းရှင်များ စီးပွား ရေးပိုမိုအဆင့်ပြေအောင် လုပ်ငန်း များ တိုးချဲ့လုပ်ကိုင်လိုပါက နိုင်ငံ့ စီးပွားဖြင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများရရှိအောင် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ထန်းတပင်မြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို တာဝန်ရှိသူ များက အောက်တိုဘာ ၃၁ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မှော်ဘီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့က ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ထန်းတပင်မြို့နယ်ရှိ ဘိုးမောက်စု-သဲဖြူတောင်ကျေးရွာ ချင်းဆက်လမ်းအရှည်(၁/၀) မိုင် ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု များကို ကွင်းဆင်းစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



၂၀၂၆ ခုနှစ်အတွင်း မူးယစ်ဆေးဖြတ်ပြီးသူ ၃၈၉ ဦးအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့



ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူ များ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုရုံး၌ ၂၀၂၆ ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှု ခံယူပြီးသည့် မူးယစ်ဆေးဖြတ် သင်တန်းသား ဦးရေ သုံးရာ့ရှစ်ဆယ်ကျော်အထိ ရှိကြောင်း ယနေ့နံနက်ပိုင်းက အဆိုပါ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ) ဗဟိုရုံးက မေတ္တာစံအိမ်ခန်းမ၌ ပြုလုပ်သည့် မူးယစ် ဆေးဖြတ်သင်တန်းဆင်း သင်တန်း သားများအား မိဘအုပ်ထိန်းသူ များထံ ပြန်လည်အပ်နှံပွဲအခမ်း အနားမှ သိရသည်။

အခမ်းအနားတွင် ပြန်လည် ထူထောင်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်အောင် ဝင်းနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုမှ ကျောင်းသား လူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောတို့က အမှာစကား ပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုမဒ္ဒကွန္ဒ ဦးစံရှိန်က ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာတာဝန် ရှိသူများက သင်တန်းသားများ အား သင်တန်းဆင်းလက်မှတ် များပေးအပ်ပြီး မူးယစ်ဆေးဖြတ် သင်တန်းသားတစ်ဦး၏ မိခင်နှင့် မူးယစ်ဆေးဖြတ် သင်တန်းသား တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာ များအား ရာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာ သည့် မူးယစ်ဆေးစွဲလူနာများကို ဆေးရုံသို့ လွှဲပြောင်းညွှန်းပို့၍ ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှ ပြန်ဆင်းလာသည့်အခါ ပြန်လည် ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည် ထူထောင်မှု ခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှု များ ဆောင်ရွက်ပေးခြင်းတို့ကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက် ရှိပြီး ၂၀၂၆ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ် သင်တန်းသား ၃၈၉ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

နိုင်လင်းအောင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း မီးဘေး အန္တရာယ်မဖြစ်ပေါ်စေရေး အသိပညာပေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၃၀ ရက်တွင် မြို့ပေါ်ရပ်ကွက်များ၌ လှည်းလည်နှိုးဆော်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးယုလွင် ဦးဆောင်သော သနွေတပ်ဖွဲ့ဝင် ငါးဦးတို့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် အသိပညာပေးနှိုးဆော် ခြင်းများ ဆောင်ရွက်စဉ်။

အိန္ဒြေစင်လတ်(ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ



နမ့်စန်မြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

နမ့်စန်(တ) အောက်တိုဘာ ၃၁

(၃၀)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည် နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့ နယ်တွင် ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်း တွင် နမ့်စန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆတိုးဆုတောင်းပြည့်စေတီတော်၌ ဆောင်ရွက်ခဲ့သည်။

ယနေ့နံနက် ၇ နာရီမှစတင်၍ နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်နိုင် နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဇေမျိုးထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက စေတီ တော်ရင်ပြင်နှင့် ဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

■

❒ M-League II မှ

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရွှိုင်ရယ်ဒဂုံ အသင်းနှင့် ရာမညယူနိုက်တက်အသင်း ဂိုးမရှိသရေ ကျခဲ့သည်။ ရာသီအစပွဲများတွင် ရလဒ်ကောင်း ရယူထားသည့် နှစ်သင်းထိပ်တိုက် တွေ့ဆုံခြင်းဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲ ရယူနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး အမှတ်ခွဲယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရာမညယူနိုက်တက် ဂိုးသမား ထူးကျော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းရရှိသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက Enjoy Brother အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ လူငယ် လက်ရွေးစင်အသင်းဖြစ်သော Junior Lions အသင်း သည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူကာ နှစ်ပွဲ ဆက်အနိုင်ရခဲ့သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၅၆ မိနစ်တွင် ရဲရင့်ဝသုန်အောင်၊ ၇၆ မိနစ်တွင် စွမ်းဇာနည်တို့ကသွင်းယူခဲ့သည်။ ယခုပွဲ အတွက် AYA Pay Player of the Match ဆုကို Junior Lions အသင်းမှ အံ့ထူးပိုင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၃) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၁ ရက်တွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး နေ့ခင်းပိုင်းတွင် ပွဲစဉ်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

သတင်း – ညီမြတ်သော်တာ

ဓာတ်ပုံ – M-League





မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် နံနက်ပိုင်းတို့တွင် နေပြည်တော် Park Royal Hotel ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုလင်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ Major General Mahipal Singh Rathore(Additional Director General of International Cooperation) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုလင်းအောင်နှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် Major General Mahipal Singh Rathore (Additional Director General of International Cooperation)တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးကြသည်။ ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းကြပြီး နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် နိဂုံးချုပ်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် အမှတ်တရပစ္စည်းများ အပြန်အလှန် လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

အဆိုပါ အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၂၈ ရက်ညတိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုလင်းအောင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပုဒ်တသန္တိစေတီတော်မြတ်ကြီးနှင့် မဟာသကျရံသီဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေဖြို့နယ် အင်းလေးကန်သို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၃၁



သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှတ်စုများ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၀ ခန့်နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



မြစ်ကြီးနားမြို့ ခုတင် (၅၀၀) ဆံ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား အောက်တိုဘာ ၃၁

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးရှိ ခရိုင်/မြို့နယ်/မြို့ရုံးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ရုံးဝန်ထမ်းများ၊ မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်၊ ချီဖွေခရိုင် ချီဖွေမြို့နယ်၊ ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်ရုံးများမှ အရာထမ်း/အမှုထမ်း အင်အား ၆၀၀ ခန့်က အမှိုက်များ ကောက်ယူခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းနှင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့် ဝန်ထမ်းများအတွက် နံနက်စာကောက်ညှင်းပေါင်း၊ မုန့်နှင့် အချိုရည်ဘူးများ ပေးအပ်ကြကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

အောင်လံမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးပညာပေးလုပ်ငန်းများ ဆောင်ရွက်

အောင်လံ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်နိုင်သည့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရှိ တည်းခိုခန်းများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးထက်ဇော်မင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် အောင်လံမြို့ပေါ်ရှိ TTT အဆင့်မြင့်တည်းခိုခန်းနှင့် ရွှေမြန်မာ တည်းခိုခန်းများသို့ သွားရောက်၍ တည်းခိုခန်းများ၏ လျှပ်စစ်ပိုင်ယာကြိုးများ သွယ်တန်းထားရှိမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ အရန်သင့်ရှိမရှိနှင့် သက်တမ်းကုန်ဆုံးမှုရှိမရှိ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်ထွက်ပေါက်များ စီစဉ်ထားရှိမှုများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရှင်းခန့်အောင်



တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တောင်ကြီး အောက်တိုဘာ ၃၁

တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ တင်းနစ်အားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ချို၊ နွယ်၊ ပေါင်းမြက်များအား ယနေ့နံနက်ပိုင်းတွင် စက်ယန္တရားများနှင့် လူအင်အားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ထို့မှတစ်ဆင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းရှိ အားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင်၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စက်ယန္တရားများဖြင့် လည်းကောင်း၊ လူအားဖြင့် လည်းကောင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသော Shan United FC အသင်းက ၂၀၂၅-၂၀၂၆ ခုနှစ်၊ ဘောလုံးရာသီတွင်ရရှိခဲ့သော MNL Champions ဆုဖလားများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ အပ်နှံခြင်းအခမ်းအနားသို့ တက်ရောက်၍ Shan United FC အသင်းက ၂၀၂၅-၂၀၂၆ခုနှစ်၊ ဘောလုံးရာသီတွင်ရရှိခဲ့သော MNL Champions ဆုဖလားများနှင့် ၂၀၂၇ခုနှစ် M League Charity ဒိုင်းဆုအား ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှံသည်။

ယင်းနောက် Shan United FC အသင်းနှင့် Dagon Star United FC အသင်း အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများကို လိုက်လံနှုတ်ဆက်ကြပြီး နှစ်ဖက်အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

လသာမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် မီးသတ်ဦးစီးဌာနမှ လသာမြို့နယ်အတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွားစေရေးတွက် ယမန်နေ့ နံနက်ပိုင်းတွင် သိမ်ကြီးစွေး(D)ရုံရှိ စွေးဆိုင်ခန်းများနှင့် ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်တံတားခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့က သိမ်ကြီးစွေး(D)ရုံအတွင်းရှိ ဆိုင်ခန်းများနှင့် ပြည်သူများအား လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ Yangon Than Lwin Hotel ၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း၊ တပ်ဆင်ထားသော မီးသတ်ပစ္စည်းကိရိယာများအား အသင့်အသုံးပြုနိုင်မှုရှိ မရှိစစ်ဆေးခြင်းနှင့် (၁၉)လမ်းရှိ BAR များနှင့် စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းတို့ ဆောင်ရွက်သည်။

အလားတူ အလုံခရိုင် စမ်းချောင်းမြို့နယ်ရှိ BAR များနှင့် စားသောက်ဆိုင်များ၌လည်း မီးဘေးလုံခြုံရေးဆောင်ရွက်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဘားအံမြို့နယ်၌ သမဝါယမအသင်းစု နှစ်ပတ်လည်စည်းဝေး

ဘားအံ အောက်တိုဘာ ၃၁

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ဘားအံမြို့ရှိ ပြည်နယ်သမဝါယမမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ဥက္ကဋ္ဌနှင့် ပြည်နယ်သမဝါယမမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး အသင်း၏(၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်း၍ အသင်းဝင်များ၏ဆန္ဒရယူအတည်ပြုခဲ့သည်။



ထို့နောက် မြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်များနှင့် အသင်းစာရင်းစစ်များ ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်သို့ စေလွှတ်မည့်ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းတို့ ဆောင်ရွက်ပြီး ရွေးချယ်တင်မြှောက်ခြင်းခံရသူများက ကတိသစ္စာခံယူကြကာ ရွေးချယ်ခံရသောဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဝေါမြို့နယ်၌ ဆီထွက်ပဲပုပ်အား မျိုးစေ့ချက်ရိုယာဖြင့် စိုက်ပျိုးပြသ

ဝေါ အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် ဆီထွက်ပဲပုပ်ရေဆင်း ၁၅ မျိုးအား မျိုးစေ့ချက်ရိုယာဖြင့် စိုက်ပျိုးပြသခြင်းကို အောက်တိုဘာ ၂၉ ရက်က အရှေ့ဘက်ကမ်းအုပ်စုတောင်သူ ဦးမြင့်ဝင်း၏ လယ်မြေ ၁၁ ကော့ဒ် ကျင်းပသည်။

ထိုသို့ စိုက်ပျိုးပြသခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ် စိုက်ပျိုးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥရောပသမဂ္ဂ၏ လျှပ်စစ်ကားထုတ်လုပ်မှုဆိုင်ရာ မူဝါဒအပေါ် အာရှကုန်သွယ်ဖက်နိုင်ငံများ၏ စိုးရိမ်မှုကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံ တင်ပြမည်ဟု ဂျာမနီဝန်ကြီးချုပ် ပြောကြား

ဘာလင် အောက်တိုဘာ ၃၁

ဥရောပသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် လျှပ်စစ်မော်တော်ယာဉ်များကို ဦးစားပေးမည့် မူဝါဒနှင့်ပတ်သက်၍ အာရှကုန်သွယ်ဖက်နိုင်ငံများက ထုတ်ဖော်ပြောကြားထားသည့် စိုးရိမ်မှုများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဖရီးဒရစ် မာ့ဇ်က ပြောကြားသည်။

မာ့ဇ်သည် တောင်ကိုရီးယားနိုင်ငံ၌ သတင်းထောက်များနှင့် ယနေ့တွေ့ဆုံစဉ် အဆိုပါကိစ္စကို ထည့်သွင်းပြောကြားခဲ့သည်။ ဥရောပသမဂ္ဂက အဆိုပါ လျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာ မူဝါဒကို နိုဝင်ဘာလအတွင်း ကျင်းပမည့် အစည်းအဝေး၌ သဘောတူညီမှုရရှိရန် ရည်ရွယ်ထားသည်။

အဆိုပါမူဝါဒအရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် လျှပ်စစ်မော်တော်ယာဉ်များကို အစိုးရ၏ ဝယ်ယူရေး လုပ်ငန်းများနှင့် ထောက်ပံ့ကြေးပေးအပ်မှုများတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ဥရောပသည် ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးဝါဒသစ်တစ်ရပ်ကို ကျင့်သုံးလာပြီး အခြားနိုင်ငံများနှင့် မိမိနိုင်ငံကို သီးခြားခွဲထုတ်လာမည်ကို စိုးရိမ်နေကြောင်း မာ့ဇ်က ပြောကြားခဲ့သည်။ အဆိုပါမူဝါဒကြောင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင်လည်း စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း ၎င်းက ထောက်ပြခဲ့သည်။

စိုးရိမ်မှုများကို ဘာလင်မြို့၊ ဘရပ်ဆဲလ်မြို့တို့တွင်သာမက လာမည့် ဥရောပကောင်စီအစည်းအဝေး၌လည်း တင်ပြသွားမည်ဖြစ်ကြောင်း မာ့ဇ်က ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် နိုဝင်ဘာ ၁၃ ရက်တွင် ဘိုင်ယာလန်နိုင်ငံ၌ တွေ့ဆုံရန် စီစဉ်ထားသည်။

ဂျာမနီဝန်ကြီးချုပ်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် တာကာချိ ဆာနေးကလည်း အဆိုပါ ဥရောပသမဂ္ဂ မူဝါဒအပေါ် ဂျပန်နိုင်ငံ၏ ပြင်းထန်သော စိုးရိမ်မှုများကို မာ့ဇ်ထံ အသိပေးပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နှင့် ဥရောပသမဂ္ဂနှစ်ဖက်စလုံး၏ အကျိုးစီးပွားများကို



ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် ဥရောပသမဂ္ဂ၏ စက်မှုလုပ်ငန်းဆိုင်ရာ အထောက်အပံ့ပေးရေးမူဝါဒနှင့်ပတ်သက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် ခေါင်းဆောင်နှစ်ဦး သဘောတူညီခဲ့ကြကြောင်း သိရသည်။ အင်နဲအိတ်ချ်ကေ

၂၀၂၆ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသား ၁၃ သိန်းကျော် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ နေရပ်ပြန်လာ

ကဘူး အောက်တိုဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံသား ၁၃ သိန်းကျော်သည် ၂၀၂၆ ခုနှစ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ နေရပ်ပြန်လာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

နေရပ်ပြန်လာသည့် မိသားစုများသည် အိမ်ရာနှင့် အခြေခံဝန်ဆောင်မှုများ ခက်ခဲမှုများနှင့် ရင်ဆိုင်နေကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အကြီးအကဲ မီယောင်ပျံခ်က ပြောကြားခဲ့သည်။

ဆောင်းရာသီဝင်ရောက်လာခြင်းကြောင့် အရေးပေါ်လိုအပ်ချက်များ ပိုမိုမြင့်တက်လာပြီး နှင်းကျဆင်းမှုကြောင့် နေထိုင်စရာ အမိုးအကာနှင့် အနွေးဓာတ်ရရှိရေး အကူအညီများပေးနိုင်ရန် ယခုအချိန်တွင် ရန်ပုံငွေလိုအပ်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

နေရပ်ပြန်လာသူ အရေအတွက် လျင်မြန်စွာ မြင့်တက်လာခြင်းသည် အိမ်ရာနှင့် အခြေခံဝန်ဆောင်မှုများအတွက် အလွန်အမင်း ဖိနှိပ်နေရသည့် ဒေသခံလူမှုအသိုင်းအဝိုင်းများအပေါ် ဖိအားများ ပိုမိုတိုးလာစေကြောင်း သိရသည်။



ရာသီဥတု ပြင်းထန်လာပြီး အကူအညီလိုအပ်နေသော လူမှုအသိုင်းအဝိုင်းများအတွက် အရေးပေါ်အမိုးအကာများ၊ဆောင်းရာသီအတွင်း လိုအပ်သည့် အသုံးအဆောင်ပစ္စည်း အစုံများနှင့် အခြေခံအိမ်သုံးပစ္စည်းများ ပံ့ပိုးပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့က အလှူရှင်များထံ ရန်ပုံငွေတောင်းခံထားသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် အရေးပေါ်ရန်ပုံငွေတွင် လိုအပ်နေသည့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းကို ဖြည့်ဆည်းပေးကြရန် လည်း တိုက်တွန်းထားသည်။

ယင်း အကူအညီများကို ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် မကြာသေးမီက နေရပ်ပြန်လာသူများထံ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါ ကူးစက်သူ ၄၈၅၂ ဦးရှိ၊ နှစ်ပေါင်း ၃၀ ကျော်အတွင်း အများဆုံးဖြစ်လာ

ဝါရှင်တန် အောက်တိုဘာ ၃၁

အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါ ကူးစက်မှုအတည်ပြုလူနာ ၄၈၅၂ ဦးအထိရှိလာကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါလူနာများအနက် ၄၈၃၄ ဦးသည် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်နှင့် အုပ်ချုပ်ရေးနယ်မြေ ၄၇ ခုတွင် ကူးစက်ခဲ့သူများဖြစ်ပြီး ကျန် ၁၈ ဦးမှာ အမေရိကန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာ ခရီးသွားများအနက်မှ ကူးစက်ခဲ့သူများဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

ဝက်သက်ရောဂါ ကူးစက်မှုအတည်ပြုခံထားရသူများအနက် ၅၁၁ ဦးမှာ ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရပြီး ယင်းပမာဏသည် စုစုပေါင်းလူနာအရေအတွက်၏ ၁၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထို့ပြင် ရောဂါကူးစက်သူများ၏ ၉၆ ရာခိုင်နှုန်းခန့်မှာ ကာကွယ်ဆေးမထိုးထားသူများ သို့မဟုတ် ကာကွယ်ဆေးထိုးနှံထားခြင်း ရှိ၊ မရှိ အတည်မပြုနိုင်သူများဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ ယခုနှစ်အတွင်း ဝက်သက်ရောဂါကူးစက်မှု စုစုပေါင်းအရေအတွက်သည် ယမန်နှစ်က မှတ်တမ်းတင်ခဲ့သည့် လူနာ ၂၂၈၉ ဦးထက် နှစ်ဆကျော် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဝက်သက်ရောဂါ ပြန်လည်ကူးစက်ပျံ့နှံ့လာမှုသည် အမေရိကန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော် တစ်နှစ်တာအတွင်း ဝက်သက်ရောဂါကူးစက်မှု အမြင့်ဆုံးအရေအတွက်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက ကျွမ်းကျင်သူများကို ကိုးကားဖော်ပြခဲ့သည်။

ထို့ပြင် ရောဂါကူးစက်မှုမြင့်တက်လာခြင်းသည် နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစနစ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုလည်း မီးမောင်းထိုးပြနေကြောင်း သိရသည်။ ဆင်ဟွာ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကုန်တိုက်တစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ဝါရှင်တန် အောက်တိုဘာ ၃၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဖဲယားဖီးလ်မြို့ရှိ ကုန်တိုက်တစ်ခုတွင် အောက်တိုဘာ ၃၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန်ည ၈ နာရီခွဲခန့်တွင် Solano Town Center ကုန်တိုက်အတွင်းရှိ Spirit Halloween ဆိုင်၌ ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာနေရာသို့ သွားရောက်ခဲ့သည်။ ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာရရှိခဲ့သူတစ်ဦး သေဆုံးခဲ့ပြီး အခြားခြောက်ဦးကို ဒေသခံဆေးရုံများသို့ ပို့ဆောင်ကုသပေးခဲ့ရာ ၎င်းတို့အနက် အနည်းဆုံးသုံးဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာ၌ ယာဉ်ကြောထိန်းသိမ်းရေးနှင့် ကုန်တိုက်အတွင်းရှိ အဆောက်အအုံများကို ရှင်းလင်းစစ်ဆေးရေးလုပ်ငန်းများအတွက် ကယ်လီဖိုးနီးယားပြည်နယ် အမြန်လမ်းလုံခြုံရေးတပ်ဖွဲ့က ဒေသခံရဲတပ်ဖွဲ့ကို ကူညီဆောင်ရွက်ပေးခဲ့သည်။

သေဆုံးသူ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များကို အာဏာပိုင်များက ထုတ်ပြန်ခြင်းမရှိသေးပေ။ လက်ရှိတွင် မျက်မြင်သက်သေများအား မေးမြန်းစစ်ဆေးနေပြီး သံသယရှိတရားခံကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အခင်းဖြစ်ပွားရာနေရာကို ဆက်လက်စုံစမ်းစစ်ဆေးနေဆဲဖြစ်သဖြင့် အဆိုပါ



ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက်ရှိသူများအနေဖြင့် ရဲတပ်ဖွဲ့ထံ ဆက်သွယ်ပေးကြရန်လည်း တာဝန်ရှိသူများက တိုက်တွန်းထားသည်။

အင်နဲအိတ်ချ်ကေ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက် သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၂၀ ရာခိုင်နှုန်း ပြီးစီးဖြိုဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် ရာသီဥတုအပူဒဏ်အန္တရာယ်အား ကျေးရွာနေပြည်သူများကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အိမ်ရှေ့တောင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အပူဒဏ်အန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများနှင့် အပူဒဏ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်သည့်အတွက် သောက်သုံးရေချွေတာသုံးစွဲရေးနှင့် ကြိုတင်စုဆောင်းထားရှိရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)





မြောင်းမြမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မြောင်းမြ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီမှစ၍ စကြာသီပတ၊ စကြာနန္ဒဘုရားဝင်းအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၏ လမ်းညွှန်မှုဖြင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဘုရားဝင်းအတွင်းရှိ အမှိုက်များ၊ ချွန်ယယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို စုပေါင်းဒါနလုပ်အားဖြင့် ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

ဓေယျာ(ပြန်/ဆက်)

မြန်မာ့အသံနှင့်ခွဲပြင်သံကြား
၁-၁၁-၂၀၂၆ တနင်္လာနေ့

MRTV HD
၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များကမိုဂိတ် တရားတော်ရွတ်တတ်မှုတော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ နိုင်ငံစီးပွားမြင့်မားပို့ဆိုင်းသယ်တာထိန်းသိမ်းရန် 'ထူးဆန်းဇရုလာဝန်းသာ' (အပိုင်း-၁၇)
၀၉:၃၅ ကာတွန်းအစီအစဉ်
၀၉:၃၅ တင်းစာမိုးသက်...(MSME)
၁၀:၀၀ သတင်းမားပြောတဲ့သတင်းစကား
၁၀:၃၀ 'သီတင်းကျွတ်ပြဲ' တေးတီးဇာတ်ခုံပွဲ
၁၁:၃၀ အသိပညာနှင့်အမှန်တရား 'ကျန်းမာပို့ဆွေးနွေးစကားပုံ' (အပိုင်း-၂)
၁၂:၃၅ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာနွယ်ထုံလွှင့် 'လက္ကမိုင်နောင်'

mitv
07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay
07:08 Dhammayangyi Temple
07:24 Tastes of Home Land: Sour and Spicy Crab
07:35 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-3)
08:01 News
08:26 Swiftlet Birds (Aerodramus Fuciphagus) (Part-I)
09:01 Shining Stars (Ep-10)
09:36 Today Myanmar: Taking Men Out Of Dark To Light
09:49 Snake Dancer
10:01 News

MRTV NRC
ချင်း (ဖိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀)
ချင်း (ဇီးဖူး) (၀၈:၀၀ မှ ၀၈:၀၀)
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ဝ (၁၄:၀၀ မှ ၁၆:၀၀)

MRTV
၀၆:၀၀ အလွှာ၊ ဝေးသီချင်း
၀၆:၀၅ လူလှပ်ရှားများအားကစား
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကုန် (LIVE)
၁၇:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၄၅ ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ဇာတ်ကားတွဲလူစောင့်အလွန်
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ Kpop Music Gallery

MRTV FARMERS
၀၆:၀၀ အလွှာ၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ လူမှုစီးပွားဘဝမှီခိုကိုးတက်ရေးသမဝါယမထုတ်ကုန်များရောင်းချရေး
၀၇:၀၀ ဝိုက်ပျိုးမွေးမြူသုတဘက်
၀၈:၀၀ မြန်မာ့ရိတ်သုံးတင်းဒါး
၀၉:၃၀ ဆည်မြောင်းသုံးဝိုက်ပျိုးခြင်းမှသည်နိုင်ငံဧကွာမြွှင်တင်ရေးထိ
၁၀:၃၀ အိပ်ကြီးမားဟတ်ပါ(ငရုပ်ယိုတာတ်လမ်း)

MRTV
၀၉:၀၀ အလွှာ၊ အသံ
၀၉:၃၀ တတိယအကြိမ်မြောက်သွေလွှတ်တော် တတိယပုံမှန်အစည်းအဝေး (Repeat)
၂၀:၀၀ ပြည်တွင်းသတင်း(11.11.2026)

MRTV SPORTS
၀၆:၀၀ အလွှာ
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမ်း
၀၆:၄၅ Weekly Sports Info
၀၇:၀၀ အားကစားသတင်း
၀၇:၃၀ Weekend Sports News
၀၈:၀၀ ၂၀ ရာပြန်းအားကစားကစားပြိုင်ပွဲ U-23 အမျိုးသားအားလုံးပြိုင်ပွဲဝိုလ်လုပွဲ (Replay)
၁၀:၄၅ AFC Women's Champion's League Group (A) ဘောလုံးပြိုင်ပွဲတိုက်ပွဲ၏ ထုတ်လွှင့်မှု (Ayeyawady FC Myanmar Vs Naegohyang FC North Korea)

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel

ကျေးရွာပေါင်းငါးရွာကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ကော့ဝါးဆူးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်



ဘားအံ အောက်တိုဘာ ၃၁

ဘားအံမြို့နယ် ကော့ဝါးဆူးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံများ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကော့ဝါးဆူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ အမွေးနုံသာရည်များ ပက်ဖျန်းပေး၍ ဆဒ္ဒန်ဂူဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကော့ဝါးဆူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ဘုရားကုန်း ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ကျေးရွာအုပ်စုတစ်စု၊ ကျေးရွာပေါင်း၁၊ရွာ၊ လူဦးရေ ၂၅၃၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်သူများအတွက် လိုအပ်သည့် အရည်အသွေးမီ ရွက်ဖျန်း မြေဩဇာများကို စျေးနှုန်းချိသာစွာဖြင့် နေရာဒေသ မရွေး လွယ်လွယ်ကူကူ ရရှိသုံးစွဲနိုင်စေရန် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေးရှိ ဘားအံစက်မှုဇုန် ဇုန်အမှတ်(၃)တွင် Dragon Victory Co.,Ltd ၏ မာထူးရာထုံး၊ဆီလီကွန်၊ မြေဩဇာနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေး ထုတ်လုပ်သည့်စက်ရုံကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါစက်ရုံကို ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စက်ရုံပိုင်ရှင်က Dragon Victory Co.,Ltd. ၏ ထုတ်ကုန်များဖြစ်သော ကိုစီအမှတ်တံဆိပ်သီးနှံအထွက်တိုး အရည်အသွေးမြင့် အာဟာရအားဆေးရည်ဘူး ၁၅၀၊ မြေဆီလွှာပြုပြင်ပေးပြီး သီးနှံမျိုးစုံ ကြီးထွားသန်မာအထွက်တိုးစေသည့် သဘာဝမြေဩဇာအိတ် ၁၅၀ တို့ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဘားအံစက်မှုဇုန်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ မဟာမဲခေါင်ဒေသ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင်တည်ရှိခြင်း၊ ပြည်နယ်အစိုးရက စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် Infrastructure ပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး အစရှိသည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးထားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာသော စက်မှုစုန် တစ်ခုဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



အုတ်တွင်းမြို့နယ် ဟေဓိကုန်းကျောင်းတိုက်ရှိ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

အုတ်တွင်း အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကြက်သွန်ခင်း(၂) ရပ်ကွက် ဗောဓိကုန်းကျောင်းတိုက်တွင် တည်ထားလျက်ရှိသော ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဓာတင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်အတွင်းရှိ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဘုရားဒါယကာ ဒါယိကာမတို့က ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား သုံးကြိမ်လှည့်ပတ်ပူဇော်ကြသည်။ ထို့နောက်မင်္ဂလာရထားပျံဖြင့် တင်လှူဆက်ကပ်ပူဇော်၍ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီးအား အောင်ဂါထာတော်များဖြင့် ရှင်ကျူးပူဇော်ကာ အုတ်တွင်းမြို့နယ် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေကအနေကဓာတင်တော်မူကြကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



ကွမ်းခြံကုန်းမြို့နယ်၌ ကော်ဖီပျိုးပင်၊ နေကြာမျိုးစေ့နှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၃၀ ရက်က ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာနေ တောင်သူဒေါ်သဇင်မင်းလွင်၏ လယ်မြေတွင်ပြုလုပ်သည့် မိုးစပါးစိုက်ရာသီတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော အောင်နိုင်တိုးစပါးမျိုးကို ရိတ်သိမ်းခြင်းလေ့စက်ဖြင့် မိုးစပါးစံကွက် ရိတ်သိမ်းပွဲနှင့် တောင်သူများသို့ ကော်ဖီပျိုးပင်၊ ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားပြီး တံတားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တံတားခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တောင်သူများအား ကော်ဖီပျိုးပင်၊ ဆီထွက်သီးနှံနေကြာ၊ ပဲပုပ်မျိုးစေ့များနှင့် ဓာတ်မြေဩဇာအိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

အမရပူရမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

အမရပူရ အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ယနေ့နံနက်ပိုင်းက မှန်တန်းရပ်ရှိ ဝက်ကုန်းရပ်ကွက်၌ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်မူရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ကြည့်ရှုစစ်ဆေးပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးက အနီးကပ်ကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် သာယာဝတီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သာယာဝတီခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်းနှင့် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ခြေသည်း၊ လက်သည်းများညှပ်ပေးပြီး ထောက်ပံ့ငွေများဖြင့် ကန်တော့ခြင်းများပြုလုပ်စဉ်။

ခရိုင်(ပြန်/ဆက်)



သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွဲလွဲခိုင်



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝမြေဩဇာထုတ်လုပ်၊ တင်သွင်း၊ တင်ပို့နှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း၏ အမျိုးသားအဆင့် မူဝါဒနှင့် သုတေသနစာတမ်းကောက်နုတ်ချက်

သဘာဝမြေဩဇာကဏ္ဍမှ နိုင်ငံခြားငွေချေတာရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး (PPP) မဟာဗျူဟာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ကျေးလက်လူဦးရေ၏ ဝင်ငွေ၊ အလုပ်အကိုင်၊ ပြည်တွင်းစားသုံးမှု၊ ကုန်ကြမ်းထုတ်လုပ်ရေးနှင့် ပို့ကုန်တို့နှင့် ဆက်နွယ်နေသည်။ ထိုကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရန် သီးနှံမျိုးစေ့၊ ရေ၊ လုပ်သား၊ စက်ယန္တရား၊ ပိုးသတ်ဆေးနှင့် မြေဩဇာတို့ကဲ့သို့သော သွင်းအားစုများ လိုအပ်သည်။

ထိုအထဲတွင် မြေဩဇာသည် သီးနှံအာဟာရစီမံခန့်ခွဲမှုအတွက် အဓိကသွင်းအားစုများဖြစ်သည်။ သို့သော် မြေဩဇာကဏ္ဍကို စိုက်ပျိုးရေးထုတ်လုပ်မှုတွင် သွင်းအားစုကဏ္ဍအဖြစ်သာရှုမြင်ပါက နိုင်ငံခြားငွေကြေးခန့်ခွဲမှု၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းနှင့် အရင်းအမြစ် ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အလမ်းများ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် "မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း"၊ "ပြည်ပမှ တင်သွင်းရမည့် သွင်းအားစုတစ်စိတ်တစ်ပိုင်းကို လျှော့ချခြင်း"၊ "ပြည်တွင်းကုန်ကြမ်းအရင်းအမြစ်များကို တန်ဖိုးဖြင့်တင်ခြင်း"၊ "အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုလျှော့ချပြီး အကျိုးရလဒ် ပိုမိုရနိုင်ခြင်း" စသည့် လုပ်ငန်းစဉ်များကို မူဝါဒအဆင့်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် အောက်ဖော်ပြပါ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိပါသည်-

(၁) နိုင်ငံခြားငွေကြေးလိုအပ်ချက်၊

(၂) ပြည်တွင်းတွင် ကုန်ကြမ်းရှိသော်လည်း တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အားနည်းနေခြင်း၊

(၃) ပုဂ္ဂလိကကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်နေရခြင်း၊

(၄) အစိုးရ၏ ပံ့ပိုးဆောင်ရွက်ပေးမှု လိုအပ်နေခြင်း။

ရည်ရွယ်ချက်

ဤစာတမ်း၏ အဓိကရည်ရွယ်ချက်မှာ သဘာဝမြေဩဇာကဏ္ဍကို ပြည်တွင်းအရင်းအမြစ်အပေါ် အခြေခံသည့် သွင်းကုန်အစားထိုးထုတ်လုပ်မှု လုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေချွေတာရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် ရရှည်တည်တံ့သော တည်ဆောက်နိုင်ရန် မူဝါဒမူဘောင်တစ်ရပ် ဖော်ထုတ်ရန်အတွက် ဖြစ်သည်။

အထူးပြုရည်ရွယ်ချက်များမှာ-

(က) PPP ဖြင့် လုပ်ငန်းဖွံ့ဖြိုးနိုင်မည့် ပုံစံများ ဖော်ထုတ်ရန်၊

(ခ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်များကို သတ်မှတ်ရန်၊

(ဂ) ၂၀၂၆-၂၀၃၀ အတွက် အကောင်အထည် ဖော်မည့် လမ်းပြမြေပုံတည်ဆောက်ရန်။

ဆောင်ရွက်ရမည့်နည်းလမ်း

(က) တင်သွင်းမှုအစားထိုးမဟာဗျူဟာ

"စီးပွားရေးအရ အကျိုးရှိပြီး အရည်အသွေး ပြည့်မီစွာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းကို ပြည်တွင်းတွင်ထုတ်လုပ်ခြင်း" ဖြစ်သည်။

အဆင့် ၁ - အော်ဂဲနစ်မြေဩဇာနှင့် မြေဆီလွှာ ပြုပြင်ရေးပစ္စည်းများ။

အဆင့် ၂ - ဇီဝမြေဩဇာနှင့်အထူးဇီဝသွင်းအားစုများ။

အဆင့် ၃ - အော်ဂဲနစ်မြေဩဇာထုတ်လုပ်ရေး စက်ပစ္စည်းနှင့် ပြုပြင်ထုတ်လုပ်ရေး နည်းပညာ၏ ပြည်တွင်းစက်မှုကဏ္ဍ။

အဆင့် ၄ - စံချိန်စံညွှန်းစစ်ဆေးရေး စက်ပစ္စည်းများ၊ ထုပ်ပိုးခြင်းနှင့် အထောက်အကူပြု စက်ယှက်လုပ်ငန်းများ။

အဆင့် ၅ - ဒေသတွင်းနိုင်ငံများသို့တင်ပို့မှု။

(ခ) အော်ဂဲနစ်အရင်းအမြစ်များမှ စီးပွားရေး အရင်းအမြစ်များသို့

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ရှိသည့် အော်ဂဲနစ်ဘေးထွက်ပစ္စည်းများကို စနစ်တကျ စုဆောင်းနိုင်ပါက

စွန့်ပစ်ပစ္စည်း

↓

စုဆောင်းခြင်း

↓

ပြုပြင်ထုတ်လုပ်ခြင်း

↓

အော်ဂဲနစ်မြေဩဇာ

↓

စိုက်ပျိုးရေးထုတ်လုပ်မှု

↓

လယ်ယာဝင်ငွေ

↓

စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု

ဟူသည့် တန်ဖိုးကွင်းဆက် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှု လုပ်ငန်းသည် "မြေဩဇာစက်ရုံ" တစ်ခုတည်းမဟုတ်ဘဲ ကျေးလက်စီးပွားရေးလုပ်ငန်း လည်ပတ်မှုတစ်ခု ဖြစ်လာနိုင်သည်။

(ဂ) အော်ဂဲနစ်မြေဩဇာ တန်ဖိုးကွင်းဆက်

(၁) **ကုန်ကြမ်း**။ သီးနှံအကြွင်းအကျန်များ၊ တိရစ္ဆာန်ချေးများ၊ အပင်အခြေခံ ဘေးထွက်ပစ္စည်း၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှု အကြွင်းအကျန်များ၊ အတည်ပြုထားသော အခြားအော်ဂဲနစ်အရင်းအမြစ်များ။

(၂) **စုဆောင်းခြင်း**။ ဒေသအလိုက် စုဆောင်းရေး လုပ်ငန်းများ တည်ဆောက်ရန်။

(၃) **ပြုပြင်ထုတ်လုပ်ခြင်း**။ မြေဆွေး၊ ဘိုကာရှိ၊ တီမြေဆွေး၊ ဇီဝမီးသွေး၊ အတည်ပြုထားသော အခြားမြေဆီလွှာပြုပြင်ပစ္စည်းများ။

(၄) **အရည်အသွေးထိန်းချုပ်ခြင်း**။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ထုတ်လုပ်မှုမှတ်တမ်းများ ထားရှိရန်။

(၅) **ထုပ်ပိုးခြင်း**။ ထုတ်ကုန်အချက်အလက်၊ အသုံးပြုပုံ၊ ထုတ်လုပ်မှုနံပါတ်နှင့် ခြေရာခံနိုင်မှုပါဝင်ရန်။

(၆) **ဖြန့်ဖြူးခြင်း**။ ဒေသအလိုက်ဖြန့်ဖြူးရေးကွန်ရက် တည်ဆောက်ရန်။

(၇) **တောင်သူအသုံးပြုခြင်း**။ မြေနှင့်သီးနှံအခြေခံ အကြံပြုချက်ဖြင့် အသုံးပြုရန်။

(၈) **တွေ့ရှိချက်**။ လယ်ယာထုတ်လုပ်မှုစွမ်းဆောင်ရည်အချက်အလက်များ ပြန်လည်ရယူရန်။

(ဃ) အမျိုးသားအဆင့် အော်ဂဲနစ်မြေဩဇာ စက်မှုနှုန်းများ

နိုင်ငံအတွင်း အော်ဂဲနစ်မြေဩဇာစက်မှုလုပ်ငန်းကို တစ်နေရာတည်းတွင်သာ စုစည်းမည့်အစား ကုန်ကြမ်းရရှိနိုင်မှုနှင့် သီးနှံလိုအပ်ချက်အပေါ် အခြေခံ၍ ဒေသအလိုက် အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်မှု အချက်အချာကြသော လုပ်ငန်းများ တည်ဆောက်ရန် အဆိုပြုသည်။

ဥပမာ-

မြစ်ဝကျွန်းပေါ်ဒေသ - စပါး အကြွင်းအကျန် အခြေခံထုတ်လုပ်မှု။

အလယ်ပိုင်း ခြောက်သွေ့ဇုန် - သီးနှံအကြွင်းအကျန်နှင့် တိရစ္ဆာန်ချေး။

ရှမ်း သို့မဟုတ် ကုန်းမြင့်ဒေသ - ဟင်းသီးဟင်းရွက်အကြွင်းအကျန်နှင့် တိရစ္ဆာန်အရင်းအမြစ်များ။

မြို့ပြအနီးတစ်ဝိုက် ဒေသများ - ခွဲခြားစုဆောင်းထားသော အော်ဂဲနစ် မြို့ပြစွန့်ပစ်ပစ္စည်းနှင့်အစားအသောက် ပြုပြင်ထုတ်လုပ်မှုမှ စွန့်ပစ်သည့် အရင်းအမြစ်များ။

ဤနေရာများကို သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးစံနှုန်း လိုအပ်ချက်များနှင့် ကိုက်ညီစွာစီမံရမည်။

(c) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Public Private Partnership– PPP)

PPP သည် Public Sector နှင့် Private Sector တို့၏အားသာချက်များကို ပေါင်းစပ်ပြီး Investment + Expertise + Infrastructure + Risk Sharing + Public Benefit တို့ကို တစ်ခုတည်းသော Project Structure အတွင်း စီမံခန့်ခွဲသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ စိုက်ပျိုးရေး value chain တစ်လျှောက် PPP mechanism ဖြင့် Government Private Company နှင့် Producers တို့ပါဝင်သည့် စနစ်တည်ဆောက်ရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အခြားကဏ္ဍများတွင် PPP ကိုအသုံးပြုရန် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများရှိပြီး စက်မှုဝန်ကြီးဌာနကလည်း စက်ရုံများအတွက် PPP Expression of Interest ခေါ်ယူခဲ့သည့်အတွေ့အကြုံရှိသည်။

(စ) သဘာဝမြေဩဇာကဏ္ဍအတွက် PPP ပုံစံ

ပုံစံ ၁ - အစိုးရမြေနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု။ အစိုးရဘက်မှ သင့်လျော်သော မြေနေရာနှင့် အခြေခံအဆောက်အအုံ ပုံပိုးပေးရမည်။ ပုဂ္ဂလိကဘက်မှ စက်ရုံ၊ စက်ပစ္စည်း၊ လုပ်ငန်းလည်ပတ်ငွေ၊ စီမံခန့်ခွဲမှု၊ နည်းပညာ တာဝန်ယူရမည်။

ပုံစံ ၂ - ဒေသအော်ဂဲနစ်အရင်းအမြစ်စင်တာ။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ၊ ဒေသထုတ်လုပ်သူများပူးပေါင်း၍ ဒေသအလိုက် အရင်းအမြစ်စုဆောင်းရေး လုပ်ငန်းစင်တာ တည်ဆောက်ခြင်း။

ပုံစံ ၃ - ဌာနဆိုင်ရာဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိက လုပ်ငန်း။ အစိုးရမှ ဓာတ်ခွဲခန်း အခြေခံအဆောက်အအုံတည်ဆောက်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဝန်ဆောင်မှုစီစဉ်မှုဖြင့် အသုံးချခြင်း။

ပုံစံ ၄ - အကျိုးဆောင်တောင်သူ - ပြည်သူ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု။ နိုင်ငံတော်နှင့် တက္ကသိုလ်မှ မြေနှင့် သုတေသန၊ ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုများနှင့် နည်းပညာ၊ တောင်သူအဖွဲ့များက လယ်ကွင်းစီမံခန့်ခွဲမှု ပူးပေါင်းခြင်း။

ပုံစံ ၅ - တည်ဆောက်-လည်ပတ်-လွှဲပြောင်းခြင်း။ သင့်လျော်သောစီမံကိန်းများတွင် ပုဂ္ဂလိကမှ အဆောက်အအုံ တည်ဆောက်၍ သတ်မှတ်ကာလ အတွင်း လည်ပတ်ပြီး သဘောတူညီချက်အရ လွှဲပြောင်းသည့်ပုံစံကို လေ့လာအသုံးပြုနိုင်သည်။

(ဆ) PPP စီမံကိန်းတစ်ခု၏ ဖွဲ့စည်းပုံ

အစိုးရ

မူဝါဒ၊ မြေ၊ ပုံပိုးကူညီခြင်းနှင့် စည်းမျဉ်း

↓

ပြည်သူ-ပုဂ္ဂလိက

ပူးပေါင်းစီမံကိန်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှု

↓

အော်ဂဲနစ်အရင်းအမြစ်စုဆောင်းရေးကွန်ရက်

ကုန်ကြမ်း

↓

ပြုပြင်ထုတ်လုပ်ရေးစက်ရုံ

ထုတ်လုပ်မှု

↓

ဓာတ်ခွဲခန်း

အရည်အသွေးအာမခံမှု

↓

ဖြန့်ဖြူးသူ သို့မဟုတ် တောင်သူကွန်ရက်

ဈေးကွက်

↓

တောင်သူများ

ထုတ်လုပ်မှု

↓

ဝင်ငွေ

↓

အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအကျိုးကျေးဇူး

(ဇ) PPP စီမံကိန်း ရွေးချယ်ရေး သတ်မှတ်ချက်များ

PPP စီမံကိန်းတစ်ခုကို အောက်ပါသတ်မှတ်ချက်များဖြင့် ရွေးချယ်ရပါမည်-

သတ်မှတ်ချက် ၁ - ကုန်ကြမ်းရရှိနိုင်မှု။

သတ်မှတ်ချက် ၂ - ဈေးကွက်လိုအပ်ချက်။

သတ်မှတ်ချက် ၃ - တင်သွင်းမှုအစားထိုးနိုင်သည့် အလားအလာ။

သတ်မှတ်ချက် ၄ - နိုင်ငံခြားငွေကြေးချွေတာနိုင်သည့် အလားအလာ။

သတ်မှတ်ချက် ၅ - ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှု။

သတ်မှတ်ချက် ၆ - အစိုးရပံ့ပိုးကူညီနိုင်မှုဖြစ်နိုင်ခြေ။

သတ်မှတ်ချက် ၇ - ပတ်ဝန်းကျင်ရေရှည် တည်တံ့နိုင်မှု။

သတ်မှတ်ချက် ၈ - တောင်သူအကျိုးအမြတ်။

သတ်မှတ်ချက် ၉ - ဘဏ္ဍာရေးအရ အသက်ဝင်နိုင်မှု။

သတ်မှတ်ချက် ၁၀ - တိုးချဲ့နိုင်မှု။

(ဈ) အဆိုပြုထားသော အမျိုးသားအဆင့် PPP ဖွဲ့စည်းပုံ

အမျိုးသားအဆင့်

အမျိုးသား အော်ဂဲနစ်မြေဩဇာ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီတာဝန်။ မူဝါဒ၊ ညှိနှိုင်းဆောင်ရွက်မှု၊ စီမံကိန်းအတည်ပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း။

နည်းပညာအဆင့်။ နည်းပညာလုပ်ငန်းအဖွဲ့။

ပါဝင်သူများ။ အစိုးရနည်းပညာဌာနများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းအသင်း၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူကိုယ်စားလှယ်များ။

စီမံကိန်းအဆင့်။ ပြည်သူ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးရည်ရွယ်ကုမ္ပဏီ Special Purpose Vehicle (SPV)

တာဝန်။ ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေး၊ လည်ပတ်ရေး အရောင်းဖြင့်တင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အစီရင်ခံတင်ပြခြင်း။

အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ

(က) **အစိုးရ၏အခန်းကဏ္ဍ**။ (၁) မူဝါဒ၊ (၂) ဥပဒေ မူဘောင်၊ (၃) စံချိန်စံညွှန်းများ၊ (၄) မြေနေရာပံ့ပိုးကူညီခြင်း၊ (၅) အခြေခံအဆောက်အအုံ၊ (၆) သုတေသနပံ့ပိုးမှု၊ (၇) ဓာတ်ခွဲခန်းစနစ်၊ (၈) ရင်းနှီးမြှုပ်နှံမှုပံ့ပိုးကူညီခြင်း၊ (၉) တောင်သူအသိပညာဖြန့်ဖြူးရေး၊ (၁၀) စောင့်ကြည့်စစ်ဆေးခြင်း။

(ခ) **ပုဂ္ဂလိကကဏ္ဍ၏အခန်းကဏ္ဍ**။ (၁) အရင်းအနှီး၊ (၂) နည်းပညာ၊ (၃) ထုတ်လုပ်မှု၊ (၄) စီမံခန့်ခွဲမှု၊ (၅) ဖြန့်ဖြူးမှု၊ (၆) ဈေးကွက်ရှာဖွေရေး၊ (၇) ဆန်းသစ်တီထွင်မှု၊ (၈) တင်ပို့မှုတို့ကို အဓိက တာဝန်ယူသင့်သည်။

ထုတ်လုပ်သူများအနေဖြင့် "ရောင်းအားတိုးရေး" ထက် "အရည်အသွေးနှင့် လယ်သမား အကျိုးအမြတ်" ကို အခြေခံသည့်စီးပွားရေးပုံစံတည်ဆောက်ရန် လိုအပ်သည်။ **စာမျက်နှာ ၁၇ သို့ ✪**

◎ စာမျက်နှာ ၁၆ မှ

(ဂ) အသင်းအဖွဲ့၏ အခန်းကဏ္ဍ

(၁) မူဝါဒဆိုင်ရာ ထောက်ခံဆောင်ရွက်မှု - အစိုးရထံ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းနှင့် အရည်အသွေးဆိုင်ရာ အထောက်အထားများအတွက် ထောက်ခံချက်ပေးခြင်း၊

(၂) လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ - အဖွဲ့ဝင်များ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊

(၃) သုတေသန - ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးဆိုင်ရာ နည်းပညာနှင့် သုတေသနဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊

(၄) စွမ်းရည်မြှင့်တင်ရေး - ထုတ်လုပ်သူများ၏ နည်းပညာစွမ်းရည် မြှင့်တင်ခြင်း၊

(၅) တောင်သူများထံဆက်သွယ်ရောက်ရှိရေး - သဘာဝဗေဒြဧာ အသုံးပြုမှုအတွက် တောင်သူပညာပေးခြင်း၊

(၆) ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံပြိုးကူညီရေး - အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများကြား စီမံကိန်းလုပ်ငန်းအစီအစဉ်များ ဖော်ဆောင်ခြင်း။

(ဃ)သုတေသနနှင့် နည်းပညာ အခန်းကဏ္ဍ

အစီအစဉ် ၁ - ဒေသတွင်း ကုန်ကြမ်းများ၏ သဘောသဘာဝသတ်မှတ်ချက်။

အစီအစဉ် ၂ - ဆွေးမြည့်ပစ္စည်းနှင့် ဘိုကာရှိ၏ ရင့်ကျက်မှုနှင့် အရည်အသွေး။

အစီအစဉ် ၃ - ဇီဝမီးသွေး၏ ဂုဏ်သတ္တိများနှင့် သင့်လျော်သော အသုံးချမှုများ။

အစီအစဉ် ၄ - ဇီဝဓမြဧာ၏ ထိရောက်မှု။

အစီအစဉ် ၅ - သီးနှံအလိုက် အသုံးပြုမှု။

အစီအစဉ် ၆ - စီးပွားရေးအမြတ်အစွန်း။

အစီအစဉ် ၇ - ရေရှည်မြေဆီလွှာကျန်းမာရေး။

အစီအစဉ် ၈ - စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်သို့ ပြောင်းလဲသည့် နည်းပညာများ။

(င) အရည်အသွေးအာမခံမှု

နိုင်ငံခြားငွေ ချေတာရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်သည့်အခါ အရည်အသွေးပြည့်ဝရန်အတွက် ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။

အရည်အသွေးမပြည့်မီသော ထုတ်ကုန်ကြောင့် တောင်သူနစ်နာမှု၊ သီးနှံဆုံးရှုံးမှု၊ ယုံကြည်မှုဆုံးရှုံးမှု၊ လုပ်ငန်းဂုဏ်သတင်းဆုံးရှုံးမှု ဖြစ်နိုင်သည်။ ထို့ကြောင့် ထုတ်လုပ်မှု → စမ်းသပ်စစ်ဆေးမှု → တံဆိပ်ကပ်ခြင်း → ခြေရာခံနိုင်မှု → ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုတစ်လျှောက် အရည်အသွေးအာမခံမှုစနစ် တည်ဆောက်ရမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေနှင့် ပြင်ဆင်ထားသော မြေဩဇာဥပဒေတို့တွင်ပါဝင်သည့် လိုက်နာရမည့် အချက်များနှင့်အညီ မည်သို့ချိတ်ဆက်မည်၊ မည်သည့်နေရာများကို ပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန် လိုမည်ဆိုသည်ကို ဆက်လက်သုံးသပ်ဆောင်ရွက်သင့်ပါသည်။

(စ)ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးမဟာဗျူဟာ

PPP စီမံကိန်းတစ်ခုစီအတွက် အောက်ပါဘဏ္ဍာရေးပုံစံကိုပြုလုပ်ရမည်-

အရင်းအနှီးအသုံးစရိတ်။ မြေနေရာ၊ စက်ရုံ၊ စက်ပစ္စည်း၊ ဓာတ်ခွဲခန်း၊ သိုလှောင်ရေး၊ ယာဉ်များ၊ အသုံးအဆောင်ဝန်ဆောင်မှုများ။

လည်ပတ်ရေးအသုံးစရိတ်။ ကုန်ကြမ်းများ၊ အလုပ်သမား၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ စမ်းသပ်စစ်ဆေးမှု၊ စီမံအုပ်ချုပ်မှု။

ဝင်ငွေ။ ပြည်တွင်းရောင်းချမှု၊ အဖွဲ့အစည်းဆိုင်ရာ ဝယ်ယူမှု၊ တင်ပို့မှု၊ အရန်ထွက်ကုန်များ သို့မဟုတ် တွဲဖက်ထွက်ကုန်များ။

စီးပွားရေးအကျိုးအမြတ်များ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ အလုပ်အကိုင်၊ အခွန်ဝင်ငွေ၊ ကျေးလက်ဝင်ငွေ၊ စွန့်ပစ်ပစ္စည်းလျှော့ချမှု။

အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၃၀)

အဆင့် ၁ - မူဝါဒနှင့် အခြေခံအချက်အလက် အမျိုးသားအဆင့် စက်မှုလုပ်ငန်းစာရင်းမြေဩဇာတင်သွင်းမှု အခြေခံအချက်အလက် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ဥပဒေကြောဟချက် ခွဲခြမ်းစိတ်ဖြာချက် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ခြေလေ့လာမှုများ စမ်းသပ်စီမံကိန်းများ

အဆင့် ၂ - စမ်းသပ်အဆင့် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ဒေသအလိုက် စမ်းသပ်စင်တာ ၃-၅ ခုအထိ လေ့လာတည်ဆောက်ရန်။

အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း_"စမ်းသပ်စီမံကိန်းတွင် စီးပွားရေးအရ အမှန်တကယ် အောင်မြင်နိုင်မှု ရှိ၊ မရှိ တိုင်းတာခြင်း" ဖြစ်သည်။

အဆင့် ၃ - တိုးချဲ့ခြင်း

အောင်မြင်သော ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများကို အခြားဒေသများသို့ တိုးချဲ့ရန်။

အဆင့် ၄ - အမျိုးသားကွန်ရက်

ဒေသအလိုက် အော်ဂဲနစ်မြေဩဇာကွန်ရက် တစ်ခုအဖြစ် ချိတ်ဆက်ရန်။

(က) အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်းမူဘောင် (KPI Framework)

အမျိုးအစား - အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်း

စက်မှုလုပ်ငန်း - မှတ်ပုံတင်ထားသော/အရည်အသွေးပြည့်မီသော ထုတ်လုပ်သူများ

ထုတ်လုပ်မှု - ပြည်တွင်းထုတ်လုပ်မှုပမာဏ

တင်သွင်းမှုအစားထိုးခြင်း - အစားထိုးလိုက်သော တင်သွင်းသွင်းအားစု

နိုင်ငံခြားငွေကြေး - အသားတင်နိုင်ငံခြားငွေကြေးချွေတာမှု

အရင်းအမြစ် - ပြန်လည်ရယူလိုက်သော အော်ဂဲနစ်အရင်းအမြစ်

PPP - အောင်မြင်သော PPP စီမံကိန်းအရေအတွက်

တောင်သူများ - ဆက်သွယ်ရောက်ရှိသော တောင်သူများ

သုတေသန - ပြီးစီးသော လယ်ကွင်းစမ်းသပ်မှုများ

အရည်အသွေး - စမ်းသပ်စစ်ဆေးပြီးသော ထုတ်ကုန်များ

အလုပ်အကိုင် - ဖန်တီးပေးလိုက်သော အလုပ်အကိုင်များ

တင်ပို့မှု - တင်ပို့ရန်အသင့်ဖြစ်သော ထုတ်ကုန်များ

ပတ်ဝန်းကျင်ထိန်းသိမ်းမှု - လွှဲပြောင်း/ပြန်လည်ရယူ လိုက်သော စွန့်ပစ်ပစ္စည်းများ

မှတ်ချက် - အခြေခံအချက်အလက် မရရှိသေးသည့်အတွက် ၂၀၃၀ ရည်မှန်းချက် ကိန်းဂဏန်းများကို အစိုးရ၊ အသင်း၊ စက်မှုလုပ်ငန်း ညှိနှိုင်းမှု ပြုလုပ်ပြီး သတ်မှတ်သင့်ပါသည်။

(ခ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု (Risk Management)

၁ - အရည်အသွေး။ ဖြေရှင်းချက် - မဖြစ်မနေ စမ်းသပ်စစ်ဆေးခြင်း + ခြေရာခံနိုင်မှု။

၂-ဈေးကွက်။ ဖြေရှင်းချက်-တောင်သူသရုပ်ပြခြင်း+ ဈေးကွက်သတင်းအချက်အလက်။

၃ - ကုန်ကြမ်း။ ဖြေရှင်းချက် - ရေရှည်ထောက်ပံ့ရေးစာချုပ်များ + ဒေသအလိုက် စုဆောင်းရေးစင်တာများ။

၄ - ဘဏ္ဍာရေး။ ဖြေရှင်းချက် - ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု + ရောနှောဘဏ္ဍာရေး။

၅ - မူဝါဒ။ ဖြေရှင်းချက် - ရှင်းလင်းသောမူဝါဒ + ရေရှည်မူဘောင်။

၆ - နည်းပညာ။ ဖြေရှင်းချက် - တက္ကသိုလ်-စက်မှုလုပ်ငန်း သုတေသနနှင့် ဖွံ့ဖြိုးရေး။

၇ - ပတ်ဝန်းကျင်ထိန်းသိမ်းရေး။ ဖြေရှင်းချက် - ကုန်ကြမ်းစီစစ်ခြင်း + ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ။

(ဂ) အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှု ခွဲခြမ်းစိတ်ဖြာချက် (SWOT Analysis)

အားသာချက်များ။ ဒေသတွင်း အော်ဂဲနစ်အရင်းအမြစ်များ၊ စိုက်ပျိုးရေးအခြေခံ၊ လက်ရှိ ပုဂ္ဂလိက ထုတ်လုပ်သူများ၊ ပြည်တွင်းဈေးကွက်၊ တောင်သူအသိပညာ၊ ကျေးလက်အလုပ်အကိုင် အလားအလာ။

အားနည်းချက်များ။ အကန့်အသတ်ရှိသော အရည်အသွေးစမ်းသပ်စစ်ဆေးနိုင်စွမ်း၊ မညီမျှသော ထုတ်ကုန်အရည်အသွေး၊ အကန့်အသတ်ရှိသော အရင်းအနှီး၊ တည်ငြိမ်သော ကုန်ကြမ်းရရှိနိုင်မှု၊ အကန့်အသတ်ရှိသော အချက်အလက်။

အခွင့်အလမ်းများ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ စီမံလန်းသောစီးပွားရေး၊ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှု၊ တင်ပို့မှုအလားအလာ။

ခြိမ်းခြောက်မှုများ။ ရာသီဥတုပြောင်းလဲမှု၊ ငွေကြေးမတည်ငြိမ်မှု၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်၊ အရည်အသွေးညံ့သောထုတ်ကုန်များ၊ အားနည်းသော ဈေးကွက်ယုံကြည်မှု။

(ဃ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

(၁) "အမျိုးသားအော်ဂဲနစ်မြေဩဇာနှင့် ဇီဝသွင်းအားစု ဖွံ့ဖြိုးရေးအစီအစဉ်" တစ်ရပ် တည်ဆောက်ရန်။

(၂) အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းကို တင်သွင်းမှု အစားထိုးလုပ်ငန်းအဖြစ် သတ်မှတ်လေ့လာရန်။

(၃) ဒေသအလိုက် အော်ဂဲနစ်အရင်းအမြစ်နှင့် မြေဩဇာပြုပြင်ထုတ်လုပ်ရေးစင်တာများကို ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စမ်းသပ်စတင်ရန်။

(၄) အမျိုးသားအဆင့် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်းပြုလုပ်ရန်။

(၅) နိုင်ငံခြားငွေကြေးချွေတာမှုကို စီမံကိန်းတစ်ခုချင်းစီအလိုက်တိုင်းတာသည့် စနစ် တည်ဆောက်ရန်။

(၆) အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းကွန်ရက် တိုးချဲ့ရန်။

(၇) အစိုးရမြေ/အခြေခံအဆောက်အအုံနှင့်ပုဂ္ဂလိက အရင်းအနှီး/နည်းပညာပုံစံကို သင့်လျော်သည့် စီမံကိန်းများတွင် အသုံးချရန်။

(၈) တက္ကသိုလ်-ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းသည့် သုတေသနရန်ပုံငွေ တည်ဆောက်ရန်။

(၉) တောင်သူသရုပ်ပြခြင်းနှင့် မြေဆီလွှာစမ်းသပ်စစ်ဆေးခြင်းကို ပြည်သူ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတွင် မဖြစ်မနေ ထည့်သွင်းရန်။

(၁၀) အောင်မြင်သော ပြည်တွင်းထုတ်ကုန်များကို တင်ပို့နိုင်သောထုတ်ကုန်များ မြှင့်တင်ရန်။

မျှော်မှန်းရသော စီးပွားရေးအကျိုးသက်ရောက်မှု

ဤမဟာဗျူဟာသည် မြေဩဇာစက်ရုံများတိုးပွားလာခြင်းတစ်ခုတည်းမဟုတ်ဘဲ အောက်ပါ economic activities များကို ဖြစ်ပေါ်စေနိုင်သည်-

(က) **တိုက်ရိုက်အကျိုးသက်ရောက်မှု။** စက်ရုံရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ ထုတ်လုပ်မှု။

(ခ) **သွယ်ဝိုက်အကျိုးသက်ရောက်မှု။** သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ စက်ပစ္စည်း၊ ကုန်ကြမ်းစုဆောင်းခြင်း၊ ဓာတ်ခွဲခန်းဝန်ဆောင်မှုများ။

(ဂ) **ဆက်စပ်ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှု။** ကျေးလက်ဝင်ငွေ၊ ဒေသတွင်းသုံးစွဲမှု၊ အသေးစားစီးပွားရေးလုပ်ငန်းများ။

(ဃ) **မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှု။** တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ ထောက်ပံ့ရေးကွင်းဆက် ခံနိုင်ရည်၊ စိုက်ပျိုးရေးယှဉ်ပြိုင်နိုင်မှု။

အမျိုးသားအဆင့်ရရှိမည့် အကျိုးကျေးဇူးများ

ဤမဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက

နိုင်ငံအတွက်။ နိုင်ငံခြားငွေကြေးသုံးငွေကို လျှော့ချနိုင်မည်၊ အခွင့်အလမ်းရှိမည်။

လယ်သမားအတွက်။ ဒေသတွင်းမှ ရရှိနိုင်သော သင့်လျော်သည့် သွင်းအားစုများကိုရရှိနိုင်မှု တိုးလာနိုင်မည်။

စီးပွားရေးလုပ်ငန်းအတွက်။ ပြည်တွင်းထုတ်လုပ်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စီမံလန်းသောစက်မှုလုပ်ငန်း ဖွံ့ဖြိုးလာနိုင်မည်။

အစိုးရအတွက်။ အများပြည်သူပိုင်အရင်းအမြစ်များကို မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပတ်ဝန်းကျင်တွင် ပိုမိုအာရုံစိုက်အသုံးချနိုင်မည်။

ပတ်ဝန်းကျင်အတွက်။ သင့်လျော်သော အော်ဂဲနစ်အရင်းအမြစ်များကို စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ပစ်မည့်အစား အရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနိုင်မည်။

နိဂုံး

ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံအဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေဩဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံသာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဤစာတမ်း၏ မူဝါဒအဆိုပြုချက်မှာ နိုင်ငံခြားငွေချွေတာနိုင်ငံသော ပြည်တွင်းစက်မှုလုပ်ငန်း၊ "သဘာဝမြေဩဇာကို ကျေးလက်စီးပွားရေးကို လှုံ့ဆော်ပေးနိုင်သော တန်ဖိုးကွင်းဆက်၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်အဖြစ် ပြောင်းလဲပေးနိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သော အမျိုးသား မဟာဗျူဟာမြောက်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဖြစ်ပါသည်။

နောက်ဆက်တွဲများ

အမျိုးသားအဆင့် မူဝါဒဆိုင်ရာ နောက်ဆုံးအဆိုပြုချက်

"ဒေသတွင်းအရင်းအမြစ်များ → ဒေသတွင်းထုတ်လုပ်မှု → တင်သွင်းမှုအစားထိုးခြင်း → နိုင်ငံခြားငွေကြေးချွေတာမှု → ကျေးလက်ဒေသဖွံ့ဖြိုးရေး → အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု" ဟူသည့် စီးပွားရေးကွင်းဆက်ကို ၂၀၂၆-၂၀၃၀ ကာလအတွင်း တည်ဆောက်ရန် အဆိုပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရက မူဝါဒချမှတ်သူ-ပံ့ပိုးကူညီသူ - စည်းမျဉ်းထိန်းသိမ်းသူအဖြစ်၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံသူ - ထုတ်လုပ်သူ- ဆန်းသစ်တီထွင်သူ - ဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သူအဖြစ်၊ အသင်းအဖွဲ့က လုပ်ငန်းညှိနှိုင်းသူ - မူဝါဒပေါင်းကူးသူအဖြစ်၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့များက အသိပညာနှင့် အထောက်အထားပုံပြိုးသူအဖြစ်၊ လယ်သမားများက အသုံးပြုသူ - ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သူအဖြစ် စုပေါင်းဆောင်ရွက်သင့်သည်။ ။

ကိုးကားချက်

၁။ **မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - Fertilizer Law နှင့် ဆက်စပ်ဥပဒေများ။**

၂။ **Ministry of Agriculture, Livestock and Irrigation – Agriculture sector objectives and PPP/value-chain development framework**

၃။ **Myanmar Government – Public–Private Partnership policy and project information**

၄။ **ASEAN – Soil and Nutrient Management Guidelines.**

၅။ **ASEAN – Organic Agriculture Standards.**

၆။ **FAO – Sustainable Soil Management and Sustainable Agriculture literature.**

၇။ **Peer-reviewed literature on organic fertilizer, biofertilizer, compost, biochar, circular economy and integrated nutrient management.**



ဘုရား၊ စေတီပုထိုးများ၊ သာသနာ့ဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သန်လျက်မြို့နယ်တို့ရှိ ဘုရား၊ စေတီပုထိုးများ၊ သာသနာ့ဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧမ္မူသီရိမြို့နယ် မြို့မဈေးဌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မူသီရိမြို့နယ် မြို့မဈေးဌ မီးဘေးလုံခြုံရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ဒက္ခိဏာခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော် ဦးစီးပြီး မီးသတ်တပ်ဖွဲ့ဝင် ၈၀ တို့က မီးငြိမ်းသတ်ယာဉ် ကိုးစီး၊ ရေသယ်ယာဉ် ခုနစ်စီး၊ ကရိန်း နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသသည်။ထို့နောက် နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီး ရဲမိုးက မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား လမ်းညွှန်အမှာစကားပြောကြားသည်။

ဧမ္မူသီရိမြို့နယ် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများကို မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျသုံးစွဲနိုင်ရေး လက်တွေ့ပြသခြင်း၊ Gas မီးငြိမ်းသတ်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့မဈေးစည်ပင်ကြီးကြပ်ရေးမှူး ဦးအောင်မျိုးဦးတို့က ဈေးအတွင်းစနစ်တကျ လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ကျောက်ပန်းတောင်းမြို့နယ်၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက်က အင်ချောင်းကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာကျောက်ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က အယ်လ်နီညိုကျရောက်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုကျရောက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက ဌာနမှဆောင်ရွက်ပေးမည့်အခြေအနေများ၊ အယ်လ်နီညိုသက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန် အချက်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များကို ဖြန့်ဝေးပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	မုံရွာ	မကွေး	ထားဝယ်	ပုဏ္ဏား	ပုသိမ်	ဖြန်းကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၈၅	၄၆၈၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၀၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၈၅	၄၈၀၅	၄၇၃၅	၄၆၈၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၉၀	၄၇၃၅	၄၆၈၅	၄၆၈၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၀၅	၅၀၀၅	၄၆၈၅	၄၈၄၅	၄၇၅၀	၄၇၃၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၆၀	၄၅၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၄၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၄၅၈၀	၄၆၃၅	၄၅၉၀	၄၅၉၅	၄၆၄၀	၄၆၅၅	၄၆၆၀	၄၅၈၅	၄၉၃၅	၄၅၈၅	၄၅၉၀	၄၆၀၀	၄၆၈၀	၄၆၃၅	၄၆၄၅	၄၈၀၅
HSD (10 ppm)	၄၅၈၀	၄၆၃၅	၄၅၉၀	၄၅၉၅	၄၆၄၀	၄၆၅၅	၄၆၆၀	၄၅၈၅	၄၉၃၅	၄၅၈၅	၄၅၉၀	၄၆၀၀	၄၆၈၀	၄၆၃၅	၄၆၄၅	၄၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၉
HSD (50 ppm)	၅၂၂၀	၅၃၂၂
HSD (10 ppm)	၅၂၂၀	၅၃၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၉၉၀၀၀

စက်သုံးဆီတင်သွင်းသို့လောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ဟသ်တမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဟသ်တ အောက်တိုဘာ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟသ်တဒေသခံအုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းကာ ယနေ့ နံနက်ပိုင်းက ဟသ်တမြို့ ဘုရားကြီးရပ်ကွက် သမိုင်းဝင်ငါးမျက်နှာ စေတီတော်ဝင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဟသ်တခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စုပေါင်း၍ ဘုရားဝင်းအတွင်းရှိ ချုံနွယ်များ၊ အမှိုက်များ၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် စေတီတော်ရင်ပြင်သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တောင်ငူခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ နေပြည်တော်သို့ သွားရောက်လေ့လာ

တောင်ငူ အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ကြီးကြပ်၍ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ နေပြည်တော်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာကြရာတွင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၂၀၀၊ ဆရာ ဆရာမ နှင့် အုပ်ချုပ်သူ ၄၀ စုစုပေါင်း ၂၄၀ သည် ယနေ့တွင် မော်တော်ယာဉ်ကိုးစီးဖြင့် နေပြည်တော်ရှိ မာရဝိဇယဘုရား၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်၊ သူရဲကောင်းဗိမာန်တို့သို့ သွားရောက်လေ့လာကြသည်။



လေ့လာကြည့်ရှု

ဦးစွာ အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြပြီး မြန်မာနိုင်ငံ၏ သမိုင်းမတင်မီ ခေတ်မှ စ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်း၀၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်မှ ရှေးဟောင်းပစ္စည်းများနှင့် အသုံးအဆောင်များကိုလေ့လာကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူ မော်ဒယ်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ဆက်လက်လေ့လာကြပြီး မြန်မာ့တပ်မတော်မှတ်တမ်းဓာတ်ပုံများ၊ စစ်လက်နက်များနှင့် သမိုင်းမှတ်တမ်းပြတိုက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ဓော်ကိုကို (တောင်ငူ)

ဘိုးဘွားများနှင့် အငြိမ်းစား ဝန်ထမ်းဟောင်းများအား ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးများ လှူဒါန်း

တာချီလိတ် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ဘိုးဘွား ၂၅ ဦးနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဟောင်းအသင်းဝင် ၄၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းမှုများ ဆောင်ရွက်သည်။

ဦးစွာ မြန်မာ-ထိုင်း-လာအို(သုံးနိုင်ငံ) နယ်ခြားကော်မတီ ဆက်ဆံရေးတာဝန်ခံ၊ UBL,BLF Company မန်နေးဂျင်း ဒါရိုက်တာ၊ နိုင်ငံတော်လူမှုထူးချွန်(တတိယ)အဆင့်၊ ပြည်နယ်လူမှုထူးချွန်(ပထမ)အဆင့် အလှူရှင် ဦးဘိုလေးနှင့် စေတနာရှင်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန် တိုင်းတာခြင်း၊ ဆီးချိုသွေးချို စစ်ဆေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဦးဘိုလေးက ၎င်း၏ အသက် ၆၄ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်စာဖြေစာပြန်ပွဲ စူဋ္ဌဇွဲများအတွက် ပရိယတ္တိထာဝရငွေဒေသာပင် ကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)



မူဆယ်မြို့၌ ကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မူဆယ် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌမှလွဲ၍ ကျောင်းပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မူဆယ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို အေရိုးဗစ်အသင်း ၁၀ သင်းတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တတိယဆုဥက္ကဋ္ဌ လေးသိန်း၊ ဒုတိယဆုဥက္ကဋ္ဌ ခြောက်သိန်း၊ ပထမဆု ဥက္ကဋ္ဌ ၁၀ သိန်းနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင်နှင့် ဦးMအောင်ဂျာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ဓနုဖြူမြို့နယ်၌ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းရုံးသစ် ဖွင့်ပွဲကျင်းပ

ဓနုဖြူ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၈)ရပ်ကွက် ဘုရားလမ်းရှိ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဆန်စက် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံး၀ (လုံး၀) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီ၀လုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အ၀င်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေ၀င်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ၀ယ်ယူမွေးမြူရန်၊

(၈) ၀ယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမ၀င် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား၀က်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တော၀က်နှင့် အိမ်မွေး၀က်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေး၀က်များအား ခြံလှေ၀င်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တော၀က်နှင့် အိမ်မွေး၀က်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါ၀င်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း၀န်ကြီးဌာန

ပညာရဲရင့် ပွဲလယ်တင့်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

အပူဒဏ်အန္တရာယ်

- ရေဓာတ်ခန်းခြောက်ခြင်း၊
- အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)၊
- အသက်အန္တရာယ်ဖြစ်ခြင်း။



ဆောင်ရွက်ရန် -

- ရေများများသောက်ပါ၊
- အရိပ်ရရှိအေးမြသောနေရာတွင်အနားယူပါ၊
- အပြင်သွားရလျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊
- အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချို့ရည်လွန်ကဲစွာ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် မသန့်ရှင်းသောရေနှင့်အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သောရောဂါများ

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊
- ဝမ်းကိုက်ရောဂါ၊
- အစာအဆိပ်သင့်ခြင်း၊
- တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါများ၊
- အရေပြား /မျက်စိ ရောဂါများ။



ဆောင်ရွက်ရန် -

- ဆူပွက်အောင်ကျိုချက်ထားသောရေ သို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊
- ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နားစာများကို မစားပါနှင့်၊
- လက်ကို ဆပ်ပြာနှင့်ရေသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။

ခြင်ပေါက်ပွားမှုများပြားခြင်းကြောင့် ဖြစ်ပေါ်သောကူးစက်ရောဂါများ

- သွေးလွန်တုပ်ကွေးရောဂါ၊
- ငှက်ဖျားရောဂါနှင့်
- ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ။



ဆောင်ရွက်ရန် -

- ခြင်နှင့်ပိုးလောက်လမ်း ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊
- ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများကို အဖုံးလုံအောင် ဝိတ်ထားပါ၊
- ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင်သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာအိပ်စက်ပါ။

ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

- ဖုန်မှုန့်နှင့် မီးခိုးငွေ့များကြောင့်
  - ပန်းနာရင်ကြပ်၊
  - တတ်မတည့်ခြင်းနှင့်
  - အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း။




ဆောင်ရွက်ရန် -

- ဖုန်မှုန့်နှင့်မီးခိုးငွေ့များပြားချိန်တွင်
  - နာခေါင်းစည်းတပ်ဆင်ပါ၊
  - အိမ်တွင်းလေထုသန့်ရှင်းအောင် ထိန်းသိမ်းပါ၊
- တောမီးအန္တရာယ်သတိပြုပါ။

ရိုးရှင်းပြီး ထိရောက်သည့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလိုက်နာဆောင်ရွက်ပါက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ခြေကို ထိရောက်စွာလျော့ချနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)









လေးနက်သောအရာ မပေါ့ပါးစေရာ ....

စည်သူကျော်

သီတင်းကျွတ်လပြည့်နေ့ကဖြစ်ပါသည်။ မိမိဖုန်းသို့ သီတင်းကျွတ်ဆုတောင်းစကားများ မိတ်ဆွေအသိုးသိုးကပေးပို့သည်ကို လက်ခံရရှိပါသည်။ အခြားသောသူများလည်း အပြန်အလှန်ပေးပို့ကြသည်ကို တွေ့ရှိရပါသည်။ ယနေ့ကာလကဲ့သို့ ဆက်သွယ်မှုကွန်ရက် ကျယ်ပြန့်လာသောခေတ်ဝယ် ယခုကဲ့သို့သော ဆုတောင်းစကားများ ပေးပို့ခြင်းသည် မဆန်းလှတော့ပြီ။ သို့သော် ထိုသို့သော ဆုတောင်းစကား/စာများထဲတွင် တစ်ခုသော အသုံးအနှုန်းကို ယခုသီတင်းကျွတ် ကာလဝယ် သတိပြုမိခဲ့သည်။

"ပျော်ရွှင်စရာ၊ သီတင်းကျွတ်ကာလဖြစ်ပါစေ" ဟု အဓိပ္ပာယ်ရ မည်ဖြစ်သော "Happy Thadingyut Festival" ဟူသော အသုံးအနှုန်း ဖြစ်ပါသည်။ ဆန်းစစ်ကြည့်လျှင် "Happy Thadingyut" ဟူသော အသုံးအနှုန်းသည် အင်္ဂလိပ်ဘာသာဖြင့် မြန်မာ့ရိုးရာ သီတင်းကျွတ် ပွဲတော်ကို ဆန္ဒမွန်ဖြင့် ဖော်ပြခြင်းဖြစ်သော်လည်း ယဉ်ကျေးမှုဆိုင်ရာ အဓိပ္ပာယ်၊ ပွဲတော်၏ မူလရည်ရွယ်ချက်နှင့် မြန်မာ့လူမှုဓလေ့ထုံးတမ်း တို့ကို ပြည့်ပြည့်ဝဝ ကိုယ်စားပြုနိုင်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်သင့် သည့် အချက်တစ်ခုဖြစ်လာပါသည်။

ဥပမာအားဖြင့် ပျော်ရွှင်သောမွေးနေ့ဖြစ်ပါစေဟူသော ဆုတောင်း စကားဖြစ်သည့် "Happy Birthday"၊ ပျော်ရွှင်သော ဟောလိုးဝင်း ပွဲတော်ဖြစ်ပါစေဟု ဆန္ဒပြုစကားဖြစ်သော "Happy Halloween" တို့နှင့် ချိန်ထိုးသုံးသပ်ကြည့်သော် "Happy Thadingyut" ဟူသော ဝေါဟာရသည် သီတင်းကျွတ်ပွဲတော်၏ အနက်အဓိပ္ပာယ် အနှစ်သာရ နှင့်နှိုင်းစာသော် မပြည့်စုမလုံလောက်သော အသုံးအနှုန်းဖြစ်သည်ဟု ခံစားရသည်။

မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲ မီးထွန်းပွဲတော်တစ်ခုမျှသာမဟုတ်ပါ။ ဗုဒ္ဓဘာသာ၏ အစဉ်အလာနှင့် ဆက်စပ်နေသကဲ့သို့ မြန်မာ့လူမှုဘဝ၊ မိသားစုဆက်ဆံရေး၊ လူမှုကျင့်ဝတ်နှင့် လူကြီးမိဘများအပေါ် ရှိသေလေးစားမှုတို့ကိုလည်း ထင်ဟပ်ဖော်ပြနေသော ပွဲတော်တစ်ခုဖြစ်သည်။

သီတင်းကျွတ်ပွဲတော်နှင့် ဆက်စပ်နေသည့် အဓိကတန်ဖိုးများကို စေ့ငုကြည့်သော်

(က) လူကြီးမိဘနှင့် ဆရာသမားများအား ကန်တော့ခြင်း။ သီတင်းကျွတ်ကာလတွင် မိဘ၊ ဘိုးဘွား၊ ဆရာသမားနှင့် မိမိထက် အသက်အရွယ်၊ ဂုဏ်သိက္ခာအားဖြင့် ကြီးမြတ်သူများကို ကန်တော့ခြင်းသည် မြန်မာ့လူမှုယဉ်ကျေးမှု၏ ထင်ရှားသော အစဉ်အလာတစ်ခုဖြစ်သည်။ ယင်းဓလေ့သည် ရိုသေလေးစားမှု၊ ကျေးဇူးတရားသိတတ်မှုနှင့် မိသားစု၊ လူမှုအသိုက်အဝန်းအတွင်း ချစ်ခင်ရင်းနှီးမှုတို့ကို တိုးပွားစေသည်။

(ခ) မေတ္တာ၊ ခွင့်လွှတ်မှုနှင့် ပြန်လည်သင့်မြတ်ရေး။ သီတင်းကျွတ် ကာလတွင် အချင်းချင်း တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် မေတ္တာထားခြင်းတို့ကိုလည်း အလေးထားကြသည်။ ထို့ကြောင့် ပွဲတော်သည် ပျော်ရွှင်မှုကို ဖော်ပြရုံသာမက လူမှုဆက်ဆံရေးကို ပြန်လည်ကောင်းမွန် စေသည့် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

(ဂ) ဘာသာရေးနှင့် ကုသိုလ်ကောင်းမှုဆိုင်ရာ အနှစ်သာရ။ ဗုဒ္ဓဘာသာဝင်များအတွက် သီတင်းကျွတ်ပွဲတော်သည် ဝါတွင်းကာလပြီးဆုံးခြင်း၊ ဘာသာရေးဆိုင်ရာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းနှင့် မြတ်စွာဘုရားရှင်အား မီးထွန်းညှိပူဇော်ခြင်းတို့နှင့် ဆက်နွှယ်နေသည်။

ထို့ကြောင့် သီတင်းကျွတ်၏ အနှစ်သာရကို အင်္ဂလိပ်စကားလုံး တစ်လုံးဖြင့် ဖော်ပြရာတွင် ပျော်ရွှင်မှုတစ်ခုတည်းကိုသာ အလေးပေးမိ ပါက ပွဲတော်၏ယဉ်ကျေးမှုဆိုင်ရာ အနှစ်သာရဝိုင်းဆိုင်ရာ အဓိပ္ပာယ် အချို့ လျော့နည်းသွားနိုင်ပါသည်။ သို့ရာတွင် အင်္ဂလိပ်လို့ဖော်ပြခြင်း ကြောင့် ယဉ်ကျေးမှုတန်ဖိုးများ အလိုအလျောက် ပျောက်ကွယ်သွား သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အင်္ဂလိပ်ဘာသာတွင် "Happy New Year"၊ "Happy Birthday" နှင့် "Happy Christmas" ကဲ့သို့သော အသုံးအနှုန်းများသည် ပျော်ရွှင်ဖွယ်အခါသမယများတွင် ဆုမွန်ကောင်း တောင်းပေးသည့် သဘာဝကျသော အသုံးအနှုန်းများဖြစ်သည်။

ထိုနည်းတူ "Happy Thadingyut" ဟု ရေးသားခြင်းသည် သီတင်းကျွတ်ပွဲတော်အတွက် ပျော်ရွှင်မှုကို ဖော်ပြလိုသည့် ရည်ရွယ် ချက်ဖြစ်နိုင်ပါသည်။ အင်္ဂလိပ်ဘာသာစကား အသုံးအနှုန်းအရလည်း နားလည်နိုင်သည့် ပုံစံဖြစ်သည်။ ထို့ကြောင့် "Happy Thadingyut" ဟူသော စကားရပ်ကို အင်္ဂလိပ်ဘာသာစကားအရ မမှန်ကန်ဟု ဆိုရန် မသင့်ပါ။ သို့သော် ဘာသာစကားအရ နားလည်နိုင်ခြင်းနှင့် ယဉ်ကျေးမှု အရ အနှစ်သာရပြည့်ဝခြင်းတို့သည် မတူညီသောအချက်များ ဖြစ်ပါသည်။

သီတင်းကျွတ်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် နက်ရှိုင်းစွာ ဆက်နွှယ်နေသည့် ပွဲတော်ဖြစ်ပါသည်။ "Happy Thadingyut" ဟုသာ ရေးသားဖော်ပြပါက ပွဲတော်၏ မီးထွန်းပွဲတော်ဆိုင်ရာ အဋ္ဌေ့အသက် နှင့် ပျော်ရွှင်မှုကို ဖော်ပြနိုင်သော်လည်း လူကြီးမိဘများကို ကန်တော့ခြင်း၊ ကျေးဇူးတရားသိတတ်ခြင်း၊ မေတ္တာနှင့် ခွင့်လွှတ်မှုတို့ကို တိုက်ရိုက် မဖော်ပြနိုင်ပါ။ သို့ရာတွင် ထိုသို့သော အဓိပ္ပာယ်များ မပါဝင်ခြင်းသည် စကားရပ်တစ်ခု၏ အားနည်းချက်ဟုသာ သတ်မှတ်နိုင်ပြီး ယဉ်ကျေးမှု တန်ဖိုးကို မလေးမစားပြုခြင်း၊ လျော့ပါးစေရန် လုပ်ဆောင်ခြင်းဟု တိုက်ရိုက်ကောက်ချက်ချရန် မလုံလောက်ပါ။ အမှန်တကယ်အရေးကြီး သည်မှာ အသုံးအနှုန်းတစ်ခုတည်းထက် ပွဲတော်ကို မည်သို့နားလည် ပြီး မည်သို့ဖော်ပြခြင့်တင်နေသနည်း ဆိုသည့်အချက်ဖြစ်ပါသည်။

ယဉ်ကျေးမှုကို နိုင်ငံတကာသို့ မိတ်ဆက်သည့် ရှုထောင့်

ယနေ့ခေတ်တွင် မြန်မာ့ရိုးရာပွဲတော်များကို ဖေ့စ်ဘွတ်၊ တယ်လီဂရမ်၊ တစ်တော့နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝက်ဘ်ဆိုက်များမှ တစ်ဆင့် နိုင်ငံတကာသို့ မိတ်ဆက်လာကြသည်။ ထိုသို့ မိတ်ဆက်ရာ တွင် အင်္ဂလိပ်ဘာသာကို အသုံးပြုခြင်းသည် မှားယွင်းသည့်ကိစ္စမဟုတ် ပါ။ နိုင်ငံတကာပရိသတ်များအတွက် ပွဲတော်ကို နားလည်လွယ်စေရန် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်းသည် လိုအပ်သည့် ဆက်သွယ်ရေး နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤနေရာတွင် အခြားအရေးကြီးသည့် အချက်တစ်ခုရှိပါသည်။

မြန်မာ့ဝေါဟာရဖြစ်သော "သီတင်းကျွတ်"ကို အင်္ဂလိပ်အက္ခရာ ဖြင့် ရေးသားရာတွင် စံသတ်မှတ်ထားသော ရေးထုံးတစ်မျိုးတည်းကို လူတိုင်းတညီတညွတ်တည်း အသုံးပြုနေခြင်းမရှိပါ။ တွေ့ရလေ့ ရှိသည့်ပုံစံများမှာ Thadingyut၊ Thidingyut၊ Thadingyut Festival၊ Thidingyut Festival တို့ဖြစ်ပါသည်။ "Thadingyut" ဟူသော ရေးထုံး ကို အများစုတွေ့နိုင်သော်လည်း အင်္ဂလိပ်အက္ခရာဖြင့် ရေးသားရာ၌ စာလုံးပေါင်းတစ်မျိုးတည်းကို သတ်မှတ်အသုံးပြုရန်၊ အထူးသဖြင့် အစိုးရဌာနများ၊ ခရီးသွားဖြင့်တင်ရေးစာစောင်များနှင့် တရားဝင် ကြေညာချက်များတွင် တစ်သမတ်တည်းဖြစ်စေရန် အရေးကြီးပါသည်။

စံပြထိုက်သော အသုံးအနှုန်းတစ်ခုကို အဓိကအသုံးအနှုန်းအဖြစ် ရွေးချယ်ပြီး လိုအပ်ပါက "Festival of Lights" ဟူသော ရှင်းလင်း ချက်ကို ထပ်မံဖြည့်စွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဤကိစ္စကို သီတင်းကျွတ်ပွဲတော်တစ်ခုတည်းအတွက်သာမဟုတ်ဘဲ မြန်မာ့ရိုးရာ ပွဲတော်များကို နိုင်ငံတကာသို့ မိတ်ဆက်ရာတွင် လိုက်နာသင့်သည့် အခြေခံမူများအဖြစ် စဉ်းစားရန်သင့်ပါသည်။ ဘာသာစကားအရ "Happy Thadingyut" သည် သီတင်းကျွတ်အတွက် ပျော်ရွှင်မှုကို ဆုမွန်ကောင်းတောင်းသည့် ရည်ရွယ်ချက်ဖြင့် သုံးစွဲထားခြင်းဖြစ်ပါက အဓိပ္ပာယ် နားလည်နိုင်သည်။

ယင်းစကားရပ်ကို အသုံးပြုခြင်းတစ်ခုတည်းကြောင့် မသင့်တော် ဟု မဆိုနိုင်ပါ။ ယဉ်ကျေးမှုအရ သီတင်းကျွတ်၏အနှစ်သာရကို မဖော်ပြနိုင်သည့် အခြေအနေများရှိနိုင်ပါသည်။ အထူးသဖြင့် ပွဲတော် ကို အပျော်အပါးနှင့် အလှအပသက်သက်အဖြစ်သာ ပုံဖော်သည့်အခါ ယဉ်ကျေးမှုဆိုင်ရာ အဓိပ္ပာယ်များလျော့နည်းသွားနိုင်သည်။ သို့သော် စကားလုံး/ဝေါဟာရတစ်ခုတည်းကိုအခြေခံ၍ ယဉ်ကျေးမှုကို မလေးစားဟု သတ်မှတ်ရန်မသင့်ပါ။

ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရဌာနများနှင့် မြန်မာ့ယဉ်ကျေးမှုကို နိုင်ငံတကာသို့ မိတ်ဆက်ပေးနေသော အဖွဲ့အစည်းများအနေဖြင့် ပွဲတော်၏ မူရင်းအမည်ကို ထိန်းသိမ်းပြီး ယဉ်ကျေးမှုအနှစ်သာရကို ထင်ဟပ်စေသည့် အသုံးအနှုန်းများကိုဦးစားပေးသင့်ပါသည်။ ဤသည် မှာ နိုင်ငံတကာပရိသတ်များအတွက် ဖတ်ရှုနားလည်ရလွယ်ကူစေရန် နှင့် တရားဝင်စာပေများတွင် တစ်သမတ်တည်းဖြစ်စေရန် ရည်ရွယ် သည့် အကြံပြုချက်ဖြစ်ပြီး စာလုံးပေါင်းဆိုင်ရာ တရားဝင်စံသတ်မှတ် ချက်တစ်ခုကို ကိုးကားတင်ပြခြင်းမဟုတ်ပါ။

သို့သော် အင်္ဂလိပ်ဘာသာကို အသုံးပြုရာတွင် မြန်မာ့ယဉ်ကျေးမှု၏ ထူးခြားသောတန်ဖိုးများကိုပါ ထည့်သွင်းဖော်ပြနိုင်ပါက ပိုမိုကောင်းမွန် သင့်လျော်မည်ဖြစ်ပါသည်။ မြန်မာ့ရိုးရာပွဲတော်တစ်ခုကို အင်္ဂလိပ် ဘာသာဖြင့် ဖော်ပြခြင်းသည် ယဉ်ကျေးမှုကို စွန့်လွှတ်ခြင်းမဟုတ်ပါ။ သို့သော် မိမိတို့၏ ရိုးရာပွဲတော်ကို နိုင်ငံတကာသို့ မိတ်ဆက်ရာတွင် စကားလုံးများကို ရွေးချယ်သုံးစွဲပုံသည် ယဉ်ကျေးမှုကို မည်မျှနားလည် ထားသည်၊ မည်သည့်တန်ဖိုးများကို အလေးထားသည်ဆိုသည့်အချက် များကို ထင်ဟပ်စေနိုင်ပါသည်။ သီတင်းကျွတ်ပွဲတော်သည် မီးထွန်းည များ၏ အလှအပနှင့် ပျော်ရွှင်မှုကိုသာ ကိုယ်စားပြုခြင်းမဟုတ်ဘဲ မေတ္တာ၊ ကျေးဇူးတရား၊ ရိုသေလေးစားမှုနှင့် လူမှုဆက်ဆံရေး ပြန်လည်ကောင်းမွန်စေရေးတို့ကိုလည်း ဖော်ပြနေသော မြန်မာ့ရိုးရာ ပွဲတော်တစ်ခုဖြစ်ပါသည်။

ထို့ကြောင့် "Happy Thadingyut" ကို ယဉ်ကျေးမှုအရ လုံးဝ မသင့်တော်ဟု သတ်မှတ်ခြင်းထက် "သီတင်းကျွတ်ပွဲတော်၏ အနှစ် သာရကို ပိုမိုပြည့်စုံစွာဖော်ပြနိုင်မည့် အင်္ဂလိပ်အသုံးအနှုန်းများကို ရွေးချယ်သုံးစွဲသင့်သည်" ဟုသုံးသပ်ခြင်းက ပိုမိုမျှတပြီး လက်တွေ့ကျ မည်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု မြှင့်တင်ရေးလုပ်ငန်းများတွင် ပွဲတော်တစ်ခု၏အဆုံးကိုသာ နိုင်ငံ တကာသို့ ပို့ဆောင်ခြင်းမဟုတ်ဘဲ ပွဲတော်၏နောက်ကွယ်ရှိ မြန်မာ့ တန်ဖိုးများကိုပါ မိတ်ဆက်ပေးနိုင်ခြင်းသည် ပိုမိုအရေးကြီးပါသည်။

မြန်မာနိုင်ငံသည် ဆယ့်နှစ်လရာသီပွဲတော်များဖြင့် လှပစွာ တန်ဆာဆင်ယင်အပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများက Land of Festivals ဟု ဆိုစမှတ်ပြုရ လောက်အောင် ကျင်းပရာပွဲတော်များ များပြားလှပါသည်။ တိုင်းရင်းသား တို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် နီးနွယ်သော ပွဲတော် များ(ဥပမာအားဖြင့် နဂၢဂရိုးရာနှစ်သစ်ကူးပွဲတော်၊ အာခါရိုးရာဒန်းစီး ပွဲတော်စသည်ဖြင့်) တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကဲ့သို့ သော ဒေသတစ်ခု၊ နယ်ပယ်တစ်ရပ်နှင့်(သာ) သက်ဆိုင်သော အစဉ်အလာပွဲတော်များ၊ သင်္ကြန်ရေသဘင်ပွဲတော်၊ သီတင်းကျွတ် မီးထွန်းပွဲတော်ကဲ့သို့ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာ

❁ မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲ မီးထွန်းပွဲတော်တစ်ခုမျှသာ မဟုတ်ပါ။ ဗုဒ္ဓဘာသာ၏ အစဉ်အလာနှင့် ဆက်စပ်နေသကဲ့သို့ မြန်မာ့လူမှုဘဝ၊ မိသားစုဆက်ဆံရေး၊ လူမှုကျင့်ဝတ်နှင့် လူကြီးမိဘများအပေါ် ရှိသေလေးစားမှုတို့ကိုလည်း ထင်ဟပ်ဖော်ပြနေသော ပွဲတော်တစ်ခုဖြစ်

❁ သီတင်းကျွတ်၏ အနှစ်သာရကို အင်္ဂလိပ်စကားလုံးတစ်လုံးဖြင့် ဖော်ပြရာတွင် ပျော်ရွှင်မှုတစ်ခုတည်းကိုသာ အလေးပေးမိပါက ပွဲတော်၏ ယဉ်ကျေးမှုဆိုင်ရာ၊ အနှစ်သာရပိုင်းဆိုင်ရာ အဓိပ္ပာယ်အချို့ လျော့နည်းသွား နိုင်ပါသည်။ သို့ရာတွင် အင်္ဂလိပ်လိုဖော်ပြခြင်းကြောင့် ယဉ်ကျေးမှုတန်ဖိုးများ အလိုအလျောက် ပျောက်ကွယ်သွားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ

ဖြင့်ကျင်းပသော ပွဲတော်များ။ ပုဂံအာနန္ဒာဘုရားပွဲ၊ မင်းဘူးရွေစက်တော် ဘုရားပွဲစသည့် ဗုဒ္ဓဘာသာ(သို့မဟုတ်)အခြားကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်သော ပွဲတော်များစသည်ဖြင့် စုံလင်လှသည်။ ကျင်းပရာ ပွဲတော်များကား ချရေးသားသော်ငြား ကုန်အုံမထင်၍ ဥပမာဆောင်၍ ဤမျှသာရေးသားရပါသည်။

ပွဲတော်အသီးသီးတို့သည်လည်း အနက်အဓိပ္ပာယ် အနှစ်သာရ နှင့်ပြည့်ဝသော၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းအပ်သည့် ပွဲတော် များ ဖြစ်ကြပါသည်။ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်လာလျှင် "အရိုး ကို အရွက်မဖုံးစေရ" ဟူသော စကားသည် ပြောစမှတ်ဖြစ်ပါသည်။ ပွဲတော်ကို မည်မျှတန်ဆာဆင်သည်ဖြစ်ပါစေ တကယ့်ပွဲတော်၏ အနက်အဓိပ္ပာယ်၊ အနှစ်သာရ မကွယ်ပစေရန် အစဉ်အကျိုးမျှော်၍ နှိုးဆော်အပ်သော စကားဖြစ်ပါသည်။

ယခုအခါကာလသည် ဝါလကင်းလွတ်သော သီတင်းကျွတ်အခါ သမယ ပြီးမြောက်သောကာလဖြစ်ပါသည်။ သီတင်းကျွတ်မီးထွန်း ပွဲတော်ကို အနယ်နယ်အရပ်ရပ် စည်ကားသိုက်မြိုက် လှိုက်လှဲပျော်ရွှင် စွာ ဆင်ယင်ကျင်းပခဲ့ကြသည်ကို တွေ့ရှိရပါသည်။ သီတင်းကျွတ်ပွဲတော် နှင့်အတူ အများပြည်သူတို့အတွက် ပျော်ပွဲရွှင်ပွဲ ကြည့်ခွဲချင်ပွဲများကိုလည်း ထည့်သွင်းကျင်းပကြသည်မှာ အတိုင်းတိုင်းအနယ်နယ်ပင် ဖြစ်ပါသည်။ တာဝတိသာနတ်ပြည်တွင် မယ်တော်မိနတ်သားကို ဝါတွင်းသုံးလပတ် လုံး မိဘကျေးဇူးဆပ်သည့်အနေဖြင့် အဘိဓမ္မာတရားမြတ်ကို ဟောကြားတော်မူပြီးနောက် လူပြည်ဖြစ်သော သင်္ကာသနဂိုရုပြည်ကို ဆင်းသက်ကြွမြန်းလာသည့် မြတ်စွာဘုရား၌ရှင်အား ဆီမီးတန်ဆောင် တိုဖြင့် ထွန်းညှိပူဇော်ကြို၍ကြိုဆိုကြသော အလေ့အထအားဖြင့် နေအိမ်၊ ဘုရားစေတီပုထိုးများ၌ ဆီမီးများထွန်းညှိပူဇော်ခြင်း၊ အလှမီးပုံးများ ချိတ်ဆွဲပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်းအစုံစုံဖြင့် ပူဇော် သက္ကာရအမှုကို ပြုကြသည်မှာ ကြည့်နှုန်းချမ်းမြေ့ဖွယ်ရာပင်။

မိဘကျေးဇူးကို အထူးသိမှုဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိသည်ရှိက ကျေအေးခွင့်လွှတ်ပါရန် ကန်တော့ပန်းဆင်ကြသည် မှာလည်း ယဉ်ကျေးမှုတည်တံ့လျက် အနှစ်သာရမပျက်ရှိနေပေသည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုကို ဘာသာစကား နယ်ပယ် (အင်္ဂလိပ်/နိုင်ငံတကာဟု ဆိုသော်ဆိုပါ) Context အတွင်း သွတ်သွင်းရာတွင် အရိုးကိုအရွက်မဖုံးစေရေး သတိပြုနိုင်ပါရန် စဉ်းစား မိသမျှ ရေးသားမိရပါကြောင်း။ ။

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစိတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကိုကျွမ်းကျင်ထမ်းဆောင်လျက်ရှိကြောင်း များကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒ ဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်း စေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာစီမျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူ ဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဦးစီးဌာန၊ ကြေးနန်းသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဒုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၁၀၁

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၅၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၅-၂၀၂၇၇၃၅၊ ၀၅၅-၂၀၂၇၇၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မခံသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဇၨာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၁-၁၀-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန်အမွှား များ	၁၀ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင် အောက် ဆိုက်	နိုက်ထရို ဂျင်ဒိုင် အောက် ဆိုက်	အိုဇုန်း	ကာဗွန်မို နောက် ဆိုက်
၁	နေပြည်တော်						
၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်	–	ကောင်းမွန်	–		ကောင်းမွန်
၂	ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
၁	မိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဇုတိဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၄	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၅	သာကေတမြို့နယ်၊ ရန်ကုန်မြို့	လက်ခံ နိုင်သော	–	–	–	ကောင်းမွန်	–
၆	ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	–	–	–	–	ကောင်းမွန်	–
၇	သန်လျင်မြို့နယ်	ကောင်းမွန်	–	ကောင်းမွန်	–	–	
၈	ဒလမြို့နယ်	ကောင်းမွန်					
၉	လှည်းကူးမြို့နယ်	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
၂	အောင်မြေသာစံ မြို့နယ်၊ မန္တလေးမြို့	လက်ခံ နိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	
၃	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၄	ညောင်ဦးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၅	ကျောက်ဆည်မြို့	ကောင်းမွန်					
၆	ပြင်ဦးလွင်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၇	မိတ္ထီလာမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၄	စစ်ကိုင်းတိုင်းဒေသကြီး						
၁	မုံရွာမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
၁	ထားဝယ်မြို့	ကောင်းမွန်					
၂	ကော့သောင်းမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
၁	ပဲခူးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၂	တောင်ငူမြို့	ကောင်းမွန်					
၃	ပြည်မြို့	ကောင်းမွန်	လက်ခံ နိုင်သော	ကောင်းမွန်			
၄	သာယာဝတီမြို့	ကောင်းမွန်				လက်ခံ နိုင်သော	ကောင်းမွန်
၇	မကွေးတိုင်းဒေသကြီး						
၁	မကွေးမြို့	ကောင်းမွန်					
၂	သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
၈	ဧရာဝတီတိုင်းဒေသကြီး						
၁	ပုသိမ်မြို့	ကောင်းမွန်					
၂	ဖျာပုံမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၉	ကချင်ပြည်နယ်						
၁	မြစ်ကြီးနားမြို့	ကောင်းမွန်					
၁၀	ကယားပြည်နယ်						
၁	လွိုင်ကော်မြို့	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
၁၁	ကရင်ပြည်နယ်						
၁	ဘားအံမြို့	ကောင်းမွန်					
၂	မြဝတီမြို့	ကောင်းမွန်					
၁၂	မွန်ပြည်နယ်						
၁	မော်လမြိုင်မြို့	ကောင်းမွန်					
၂	သထုံမြို့	ကောင်းမွန်					
၃	မုဒုံမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၄	ချောင်းဆုံမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၁၃	ရှမ်းပြည်နယ်						
၁	တောင်ကြီးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၂	ကျိုင်းတုံမြို့	လက်ခံ နိုင်သော	–	–	–	–	–
၃	တာချီလိတ်မြို့	လက်ခံ နိုင်သော	–	–	–	–	–

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံလွှင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

"၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲ"ကို ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီး သဃ်နိန်းကျွန်း မြို့နယ် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏဒ္ဒ ဆက်လက် ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 15-Red၊ 9 Ball Pool၊ စနူကာ 6-Redနှင့် ဘိလိယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။



အမျိုးသားပြိုင်ပွဲ ပွဲစဉ်များ အဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းမှ သက်လှိုင်ဝင်းကို ရလဒ် ၃ မှတ် - ၂ မှတ်ဖြင့် လည်းကောင်း၊ ချင်း ပြည်နယ်အသင်းမှ အာကာလင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးကို ရလဒ် ၃ မှတ် - ၁ မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးအသင်းမှမာန်ဟိန်းကျော်က မကွေးတိုင်းဒေသကြီးအသင်းမှ သက်နောင်ဝင်းကို ရလဒ် ၃ မှတ်- ၂ မှတ်ဖြင့်လည်းကောင်း၊ ပဲခူး တိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးက ရခိုင်ပြည်နယ်အသင်းမှ မျိုးထက်ထွန်းကို ရလဒ် ၃ မှတ် - ၂ မှတ်ဖြင့်လည်းကောင်း၊ မကွေး တိုင်းဒေသကြီး အသင်းမှ ကောင်းစွာခ်ထက်ကပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းမှ မျိုးမင်းသိဏ်းကို ရလဒ် ၃ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ မွန် ပြည်နယ်အသင်းမှ ရဲရင့်မှူးက ပဲခူးတိုင်းဒေသကြီး အသင်းမှ စိုးမိုးသန်းကို ရလဒ် ၃ မှတ် ရမှတ် မရှိဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိသည်။

စနူကာ 6-Red ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ရခိုင်ပြည်နယ် အသင်းမှ ထွန်းထွန်းလင်းကို ရလဒ် ၄ မှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ သော်တာမင်းက ပဲခူး တိုင်းဒေသကြီးအသင်းမှ အောင်ပိုင်ဖြိုးကို ရလဒ် ၄ မှတ် - ၃ မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ သူရဇော်က ကချင်ပြည်နယ် အသင်းမှ ရှိုင်းဝဏ္ဏထွန်းကို ရလဒ် ၄ မှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းမှ ချစ်မိုးက မွန်ပြည်နယ်အသင်းမှ ဇော်မောင်မောင်ကို ရလဒ် ၄ မှတ် - ၁ မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က မန္တလေးတိုင်းဒေသကြီး အသင်းမှ ချစ်မျိုးဦးကို ရလဒ် ၄ မှတ် - ၂ မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ အောင်နိုင်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ကောင်းမြတ်ဦးကို ရလဒ် ၄ မှတ် - ၁မှတ် ဖြင့်လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဘိလိယက်ပြိုင်ပွဲတွင် စစ်ကိုင်း တိုင်းဒေသကြီးအသင်းမှ သီဟစိုးက မွန်ပြည်နယ်အသင်းမှ ဝင်းဝင်းထွန်းကို ရလဒ် ၃ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ ချင်း ပြည်နယ်အသင်းမှ ခင်မောင်တင့်က ပဲခူးတိုင်းဒေသကြီးအသင်းမှ စိုးသီဟကို ရလဒ် ၃ မှတ် - ၂ မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် အသင်းမှ ရဲလင်းက ကချင်ပြည်နယ် အသင်းမှ ကျော်စိုးအောင်ကို ရလဒ် ၃ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ မကွေး တိုင်းဒေသကြီးအသင်းမှ ကျော်ဌေးက ရခိုင်ပြည်နယ်အသင်းမှ ဇော်နီထွန်းကို ရလဒ် ၃ မှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်ဘုဝင်းက ကရင်ပြည်နယ် အသင်းမှ ရဲရင့်ရှိုင်းကို ရလဒ် ၃ မှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေလင်းဦးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းကို ရလဒ် ၃ မှတ် ရမှတ်မရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မေဇွန်မိုးက ရန်ကုန်တိုင်းဒေသကြီး အသင်းမှ စုနန္ဒာနွေးကို ရလဒ် ၅ မှတ်ရမှတ်မရှိဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ခင်ဝိုင်းချစ်က ကချင်ပြည်နယ်အသင်းမှ သီတာငြိမ်းကို ရလဒ် ၅ မှတ် - ၃ မှတ်ဖြင့်လည်း ကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခိုင်မာအောင်က တနင်္သာရီတိုင်း ဒေသကြီးအသင်းမှ ဆုသာဝိုင်ကို ရလဒ်၅ မှတ် - ၃ မှတ်ဖြင့်လည်း ကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ မေချောက ရခိုင် ပြည်နယ်အသင်းမှ သန်းသန်းအေး ကို ရလဒ် ၅ မှတ် - ၄ မှတ်ဖြင့်လည်း ကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခေါ်နှင့်ဆန့်က မန္တလေးတိုင်းဒေသ ကြီးအသင်းမှ ပြည့်ဖြိုးမြတ်ကို ရလဒ် ၅ မှတ် - ၃ မှတ်ဖြင့် လည်း ကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ နွယ်နီလင်းက ရခိုင် ပြည်နယ်အသင်းမှ မြင့်မြတ်သူကို ရလဒ် ၅ မှတ် - ၁ မှတ်ဖြင့်လည်း ကောင်း၊ ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်က ကချင်ပြည်နယ် အသင်းမှ အေးမြတ်မွန်ကို ရလဒ် ၅မှတ် - ၄ မှတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာ အောင်က ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မေဇွန်မိုးကို ရလဒ် ၅ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက ဧရာဝတီတိုင်း ဒေသကြီးအသင်းမှ စိုးစိုးကို ရလဒ် ၅ မှတ် - ၁ မှတ်ဖြင့်လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် သွားမည်ဖြစ်ပြီး အားကစား ဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင် ကြောင်း သိရသည်။

သတင်းစဉ်

❖ M-League မှ

၂၀၂၆-၂၀၂၇ ရာသီကြို ချာရတီဒိုင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ချန်ပီယံဆု တို့ကို အသင်းတာဝန်ရှိသူများက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးထံ အပ်နှံသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ပွဲမကစားမီ နှစ်ဖက်ကစားသမားများနှင့် ဒိုင်လူကြီးများအား လိုက်လံနှုတ်ဆက်သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအတွက် အရေးပါသည့် နိုင်ပွဲဖြစ်ခဲ့ပြီး ပထမပိုင်းတွင်သွင်းယူသည့် စအောင်ပြည့်ကို၏ ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၅) အပြီးထိ ရှုံးပွဲမရှိဘဲ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ပထမဆုံး ရှုံးပွဲနှင့်အတူ ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်း သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး ယခုရာသီ ပထမဆုံးအိမ်ကွင်းပွဲတွင် အကောင်းဆုံးပုံစံဖြင့် ပွဲထွက်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၂၆ မိနစ်တွင် တိုက်စစ်မှူး စအောင်ပြည့်ကိုသွင်းယူသည့် ခေါင်းတိုက်ဂိုးဖြင့် အနိုင်ရ ခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ရုန်းကန်ခဲ့ရပြီး ပထမဆုံးဂိုးပေါက်ပျောက်ဆုံးမှုနှင့်အတူ ရှုံးပွဲကြုံတွေ့ခဲ့ သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အနိုင်ဂိုး သွင်းယူခဲ့သည့် ရှမ်းယူနိုက်တက်တိုက်စစ်မှူး စအောင်ပြည့်ကိုရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပုသိမ်ကျောက်တိုင်ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက် အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ဂိုးပြတ် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၆ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၃၅ မိနစ်တွင် အောင်မျိုးခန့်၊ ၄၈ မိနစ်တွင် သန်းပိုင်နှင့် ၉၀+၄ မိနစ်တွင် ပြည်မိုးတို့က သွင်းယူခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် ထွန်းထွန်းက သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ရန်ကုန်ယူနိုက်တက် အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည့် ဇော်ဝင်းသိန်းကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ်(၆)နေ့ကဆုံးနေ့ကို နိုဝင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ သီဟဒီပကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - စိုးညွှန့်သော်

■ ချယ်လ်ဆီးအသင်းမှ

မန်ယူအသင်းဟာ ချေပဂိုး ပြန်လည်ရရှိရေးကြိုးပမ်းရင်း ဒုတိယ ပိုင်း ပွဲကစားချိန် ၆၃ မိနစ်မှာ မာတီနက်ဇ် နှစ်ဝါတစ်စီနဲ့ ထုတ်ပယ်ခံ ခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာလည်းဖြစ်ပါ တယ်။

မန်ယူအသင်းကတော့ ချယ်လ်ဆီးအသင်း ကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲ စဉ်(၉)အပြီးမှာ ရမှတ် ၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြေယ်

အားကစားမြှင့်တင် စိတ်လန်းရှင်
ဆန့်ကျင်မှုးယစ်ဆေး



မြန်မာကလပ် ဧရာဝတီအသင်းယှဉ်ပြိုင်မည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များ ယနေ့စတင်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၁

၂၀၂၆ - ၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး နိုဝင်ဘာ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အုပ်စုပွဲများ ကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုက်ရိုက်ကစားခွင့် ရ ခြောက်သင်း၊ ခြေစစ်ပွဲအောင် ခြောက်သင်း စုစုပေါင်း ၁၂ သင်းကို လေးသင်း သုံးအုပ်စုခွဲ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် နာဂိုရန်း (မြောက်ကိုရီးယား)၊ ကိုဘေး (ဂျပန်)၊ ဘမဲခါတွန် (အီရန်)၊ ဧရာဝတီ(မြန်မာ)၊ အုပ်စု(B)တွင် ဟွာချန်(တောင်ကိုရီးယား)၊ ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ အရှေ့ဘင်ဂေါ(အိန္ဒိယ)၊ April 25 (မြောက်ကိုရီးယား)၊ အုပ်စု(C)တွင် မဲလ်ဘုန်းစီးတီး(ဩစတြေးလျ)၊ ဘောဂျီးကျန်တန် (တရုတ်)၊ ကာယာ (ဖိလစ်ပိုင်)၊ နာဆာ့ဖ် (ဥဇဘက် ကစ္စတန်)တို့ ပါဝင်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်း များအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အုပ်စု(A)ပွဲစဉ်များကို နိုဝင်ဘာ ၁၊ ၄၊ ၇ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက် ပထမနေ့အဖြစ် ညနေ ၃ နာရီတွင် ကိုဘေး(ဂျပန်)နှင့် ဘမဲခါတွန် (အီရန်)၊ ည ၇ နာရီတွင် နာဂိုရန်း (မြောက်ကိုရီးယား)နှင့် ဧရာဝတီ(မြန်မာ) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် အုပ်စုအနေ အထားအရ အာရှထိပ်သီး ဂျပန်၊ မြောက်ကိုရီးယားကလပ်အသင်းတို့ နှင့် ကျရောက်နေသဖြင့် ရုန်းကန်ရနိုင်သော်လည်း အကောင်းဆုံး အုပ်စု တတိယနေရာရ ထိပ်ဆုံးနှစ်သင်းထဲပါဝင်ရန် မျှော်လင့်ချက်ရှိနေပြီး နောက်ဆုံးပွဲကစားရမည့် အီရန်ကလပ်အသင်းနှင့်ပွဲမှာ အရေးပါလျက် ရှိသည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - AYWDFC

IQVIA SOLUTIONS CONSULTING MYANMAR COMPANY LIMITED

Company Registration Number: 104714536

(In members' voluntary winding-up)

NOTICE OF FINAL GENERAL MEETING

Notice is hereby given pursuant to Section 357 of the Myanmar Companies Law 2017 and Section 211(a) of the Insolvency Law 2020 that the Final General Meeting will be held for the following purposes:

1. To receive and consider the Liquidator's report on the conduct of the liquidation.
2. To receive and approve the Liquidator's final accounts.
3. To authorize the filing of the final meeting documents with the Directorate of Investment and Company Administration (DICA) through MyCO.

The Final General Meeting of IQVIA Solutions Consulting Myanmar Co., Ltd. will be held online on 9 November 2026 at 9:00 a.m.

All shareholders are kindly requested to attend the meeting.

Daw Cho Cho Toe
Insolvency Practitioner Registration No:108099
IQVIA Solutions Consulting Myanmar Co.,Ltd

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေဖြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ (၁၆၂) လမ်း၊ အမှတ် (၉) ဟုခေါ်ဝေါ်သည့် မြေကွက်ပေါ်ရှိ (၇) ထပ်တိုက် အဆောက်အဦ၏ (၆-လွှာ) (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၅ ပေ x ၆၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုကြသူများဖြစ်သော (၁) ခေါ်ခင်ငင်အား [၁၂/ရကန (နိုင်)၀၁၄၃၃၉၂၉]၊ (၂) ဦးအောင်ကျော်ခန့် [၁၂/ဆကန (နိုင်) ၀၀၂၃၉၈] နှင့် (၃) ခေါ်ခိုင်ချိုကျော် [၇/လပတ(နိုင်)၁၂၂၀၈၂]တို့ထံမှ ကျန်ငွေတစ်သိန်းသုံးဆယ်ခြောက်သောင်းကိုးထောင်ခြောက်ရာ သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ
ခေါ်ခင်ဇိုးလတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၇)
အမှတ် (၅၀)၊ ပ-ထပ်၊ ဘထ်လမ်း၊ ကျောက်တံတားဖြို့နယ်၊ ရန်ကုန်ဖြို့။
ဖုန်း-၀၉-၇၉၁၇၅၀၄၇

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ၎ရွှေဝါလမ်းရှိ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာရေးအဖွဲ့မှ ခေါ်မြင့်မြင့်စန်း (၁၈)ဦးဘဌေး [၁၂/ရကန(နိုင်)၀၃၁၂၂၀၂]အမည်ဖြင့် ချုထားပေးသော မြေကွက်ကြီး အမှတ်(၈)၊ အိမ်ရာကွက်ငယ်အမှတ်(၂၆၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုးကျောက်ပြားကာနေအိမ် (၁)လုံးနှင့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ခေါ်မြင့်မြင့်စန်း (၁၈)ဦးဘဌေး [၁၂/ရကန(နိုင်) ၀၃၁၂၂၀၂]ထံမှ ကျန်ငွေ၏မိတ်ဆွေ ခေါ်ကြည်ကြည်နိုင် (၁၈) ဦးတင်ရွှေ [၁၂/ဥကမ(နိုင်) ၀၁၅၀၄၈]က အပိုင်ငယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်၍ အရောင်းအဝယ်ပြုလုပ်သောနေအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျန်ငွေထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ကြည်ကြည်နိုင် ၏လွှဲအပ်ညှိနှိုင်းချက်အရ -
ခေါ်မျိုးကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆)
အမှတ် (အ/၃၁၁)၊ ဂစ်နားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။
ဖုန်း ၀၉-၄၂၀၉၃၀၆၃

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နွှင့်အမည် - ၅၂/လမ်းဆုံနေသက်၊ ဦးပိုင်အမှတ် ၁၅၂ စရိယာ (၀.၁၂) ကေရှိ ပင်မြေအား ဦးဝင်းတင် [၅/ကလထ(နိုင်)၀၀၆၆၇၄]နှင့် ဒေါ်သန်းသန်းနွဲ့[၅/ကလထ(နိုင်)၀၀၆၆၇၂]တို့၏ အမည်မှ ဦးနိုင်ဝိုးသိန်း[၅/ကလထ(နိုင်)၁၉၂၀၀] နှင့် ဒေါ်ချိုသက်မွန်ထွန်း[၅/ကလထ(နိုင်)၂၀၂၉၀] တို့၏ အမည်သို့ အမည်ပြောင်း လျှောက်ထားရယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးနိုင်ဝိုးသိန်း၊ ဒေါ်ချိုသက်မွန်ထွန်း
[၅/ကလထ(နိုင်)၁၉၂၀၀] [၅/ကလထ(နိုင်)၂၀၂၉၀]
၀၉ - ၉၈၁၂၈၃၇၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၁)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ ဂုဒအဂ္ဂ၊ ကြား။ ၃၂ x ၃၃ပေ၊ ၎ကြားရှိ ဂရန်မြေကွက် အမည်ပေါက် သူဦးအောင်နိုင် [၁/မကတ(နိုင်)၀၀၆၆၆၂]က အမှုတွဲအမှတ် (၃၁၈၀/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(နှ-၁)၊ ဦးပိုင်အမှတ်(၂၀)။ ၄၀x၄၁ကြား။ ၆၄ x ၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေဖြတ်နိုးခင် [၉/ခအဇ(နိုင်)၀၃၉၃၇၇]က အမှုတွဲအမှတ်(၃၁၈၂/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၃-ဘ)၊ ဦးပိုင်အမှတ်(၁၂-က)။ ၃၇၀x၃၇၀ကြား။ ၆၄ x ၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ခိုင်ဦး [၁၃/မမတ (နိုင်)၀၁၅၅၅၂]က အမှုတွဲအမှတ် (၃၁၈၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၃၁-က)၊ ဦးပိုင်အမှတ်(၃-က)။ ၇၆လမ်း၊ ၃၂၄ လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းဌေး [၉/ဟသက(နိုင်)၀၁၅၉၄၀]က အမှုတွဲအမှတ်(၃၂၀၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ သန့်လျင်မြို့နယ်၊ Star City (ကြယ်စင်အိမ်ရာမြို့တော်စီမံကိန်း၊ သံလွင်ရိပ်မွှန့်အိမ်ရာအတွင်းရှိ ဇုန် (ARA Residences)၊ Building (Y-47)၊ Room (110/B)၊ မြေညီထပ်၊ (၃၇၆)စတုရန်းပေအကျယ်ရှိ (1 Bed Room) ကွန်ဒိုတိုကိန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းကျော်သူ[၁၂/လမန(နိုင်)၁၃၆၆၂၄]၊ ဒေါ်နန်းဦးတစ် [၁၃/ကတန(နိုင်)၀၉၉၃၆၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ငြိးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ
ဦးကျော်စွာထက်
(တရားလွှတ်တော်ရှေ့နေ)၊ စဉ် - ၁၂၈၉၁၀
အမှတ်(၅၆၆/က)၊ ပြို့မလမ်း (မြေညီ)၊ ၄/တောင်ရပ်ကွက်၊
သာကေတမြို့နယ်၊ ဖုန်း - ၀၉-၇၉၁၀၅၀၄၀

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ မုဒိတာအိမ်ရာ(၂)၊ 2A-859 ၎ နေအေးမြဝတီ [၁/မကတ(နိုင်)၀၉၂၆၅၁]၏ လွှဲအပ်ညှိနှိုင်းချက်အရ အများသိစေအပ်ပါသည်။

